FDB
Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

e Bulletin

၂၀ ဇန်နဝါရီ ၂၀၀၆ | သတင်းလွှာ | အမှတ် ၁၇/၂၀၀၆



ဗမာပြည်သူများသည် သာမာန်ပြည်သူများ မဟုတ်။ ရဲရင့်ပြီးအတွေ့ အကြုံများစွာ ဖြင့်ရင့်ကျက်နေသော ပြည်သူတို့သည်မိမိတို့ ယခုဆင်နွှဲနေသော ဒီမိုကရေစီတော်လှန်ရေးကို ယခင်မိမိတို့ ဆင်နွှဲခဲ့ဖူး၊ အနိုင်ရခဲ့ဖူးသော လွတ်လပ်ရေးတိုက်ပွဲကြီးကဲ့သို့ တညီတညွတ်တည်း စည်းလုံးညီညွတ်စွာဖြင့် တိုက်ခိုက်တော်လှန်ကြပြီး၊ မနေ့အမြန် မုချ အောင်ပွဲဆင်နွဲ ဆွတ်ခူး နိုင်ကြမည်မှာ မုချမလွဲပင်ဖြစ်ပါတော့သည်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော

ကြားနေဖို့၊ သီးခြားရပ်တည်ဖို့၊ တတိယအုပ်စုပုံစံမျိုးနဲ့ ရပ်တည်ဖို့ဆိုတာတွေဟာ တကယ့်လက်တွေ့နိုင်ငံရေးဖြစ်စဉ်မှာတော့ ဘယ်ဟာမှ အလုပ်မဖြစ်ပါဘူး။

"အမှာစကား"
(စာမျက်နှာ ၂)

အမျိုးသား တန်းတူခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို အုပ်စိုးသူ အာဏာရ အစိုးရ အဆက်ဆက်က မပေးခဲ့တဲ့အတွက် ပြည်တွင်းစစ်ကြီးဟာ ကနေ့အထိ ရှည်လျားခဲ့ရတာပါ။

"(၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားမှာ FDB ဒု-အတွင်းရေးမှူးချုပ် ကိုဌေးလင်းမှ ပြောကြားသောမိန့်ခွန်း"
(စာမျက်နှာ ၁၀)

ကျမလေ အတောင်ပံများရှိခဲ့ရင် အမြန်ဆုံးနှုန်းနဲ့ အတောင်ပံခတ် ပျံသန်းပြီး ပလောင်နယ်ကလေးကို ပြန်ကြည့် လိုက်စမ်းချင်တယ်။

"ရွှေမီချိန်တိုင်းလွမ်းတယ်"
(စာမျက်နှာ ၇)

မြန်မာနိုင်ငံတွင်းရှိ အပစ်အခတ်ရပ်စဲခြင်း မပြုလုပ်ရသေးသော တိုင်းရင်းသားအင်အားစုများနှင့် တိုက်ပွဲများချက်ခြင်း ရပ်ဆိုင်းနိုင်ရေးနှင့် ရေရှည်အဆုံးသတ်နိုင်ရန် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နည်းလမ်းကို ကျင့်သုံးရန်၊

"ကုလသသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် (ဒုတိယပိုင်း)"
(စာမျက်နှာ ၁၇)

ကမ္ဘာ့အဆင်းရဲဆုံး လူဦးရေရဲ့ သုံးပုံနှစ်ပုံကျော်ဟာ ဖွံ့ဖြိုးဆဲ အာရှဒေသထဲမှာဘဲ အသက်ရှင် နေထိုင်ကြတာပါ။ ဒါဟာ အရည်အတွက် ကိန်းဂဏန်းအားဖြင့် သန်းပေါင်း (၆၂၀)တောင်ရှိပါတယ်။
တနေ့ တဒေါ်လာအောက်မှာ အသက်ရှင်နေရတဲ့ သူများဖြစ်ပါတယ်။

"စီးပွားရေး ပူးပေါင်းမှု အခြေခံနောက်က ၂၁ ရာစု အာရှစုစည်းမှု"
(စာမျက်နှာ ၁၁)

(နအဖ)စစ်အစိုးရလပြို့ရှားလာဖို့ဆိုရင် တပ်မတော်အတွင်းထဲက တပ်မှူးတပ်သားတွေရဲ့အင်အားနဲ့ လူထုအင်အားပေါင်းစပ်ကြရလိမ့်မယ်။

"(နအဖ) စစ်အစိုးရကို ဖေ့စပ်ညှိနှိုင်းရေးစားပွဲ ရောက်လာအောင် ဘယ်လိုတွန်းပို့ကြမလဲ"
(စာမျက်နှာ ၁၄)

# အမှာစကား

၂၀၀၆ ခုနှစ်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲမှာ အဓိကအရေးကြီးတဲ့နှစ်ပါ။ နအဖ စစ်အုပ်စုက စစ်အာဏာရှင်စနစ် ဆက်လက်ရှင်သန်ရေးအတွက် သူ့ရဲ့လမ်းပြမြေပုံ(၇)ချက်ကို အသေဆုပ်ကိုင်ပြီး ဇွတ်တိုးဖို့ကြိုးစားနေသလို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ၉၀ ခုနှစ်ရွေးကောက်ပွဲ ရလဒ်ဖြစ်တဲ့ ပြည်သူလူထုတွေရဲ့ ဆန္ဒပေါ်မှာ ကြံ့ကြံ့ခံရပ်တည်ပြီး တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေး လုပ်ငန်းစဉ်တွေကို တောင်းဆိုတိုက်ပွဲဝင်နေတဲ့ ကာလလည်း ဖြစ်ပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီအင်အားစုတွေ အနေနဲ့ ဘယ်ဖက်က ရပ်တည်မလဲဆိုတဲ့ ကိစ္စဟာ အလွန်အရေးကြီးတဲ့ဆုံးဖြတ်ချက်ပါ။ ကြားနေဖို့၊ သီးခြားရပ်တည်ဖို့၊ တတိယအုပ်စုပုံစံမျိုးနဲ့ ရပ်တည်ဖို့ဆိုတာတွေဟာ တကယ့်လက်တွေ့နိုင်ငံရေးဖြစ်စဉ်မှာတော့ ဘယ်ဟာမှ အလုပ်မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုရင် စစ်အုပ်စုဟာ ဒီမိုကရေစီအင်အားစုအသီးသီး၊ ပြည်တွင်းပြည်ပ၊ လက်နက်ကိုင်(အပစ်ရပ်၊ အပစ်မရပ်)၊ နိုင်ငံတကာနဲ့ အာဆီယံ အပါအဝင်၊ အိမ်နီးချင်းနိုင်ငံတွေရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး သဘောထားနဲ့ တောင်းဆိုချက်တွေကို လုံးဝဂရုမစိုက်ပဲ၊ အင်အားစုအသီးသီးကို ဖိနှိပ်ချုပ်ချယ်မှု ဆန့်ကျင်မှုတွေ တိုးမြှင့်ပြီးလုပ်ဆောင်နေလို့ပါပဲ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင်ထုတ်ပြန်သော သဘာပတိမိန့်ခွန်းပါ **"လက်ရှိတာဝန်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ၁၉၉၀ပြည့်နှစ်မှာ ဥပဒေအရ ပြည်သူများက ရွေးကောက်ခံထားရတဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသား အင်အားစုများပါဝင်တဲ့ အဖွဲ့သုံးရပ်တို့က မဟာဦးဆောင်အဖွဲ့ကြီးအဖြစ်၊ ဖြစ်ထွန်းပေါ်ပေါက်လျက်၊ အရေးယူဆောင်ရွက်ရန်မှာ ယနေ့နိုင်ငံတော်မှာ အလိုအပ်ဆုံးဖြစ်ပါတယ်"**နှင့် ကြေညာချက် အမှတ် ၁၊ ၀၁၊ ၀၆ ပါ **"အမျိုးသား ပြန်လည်သင့်မြတ်ရေးကိုဦးတည်လျက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တာဝန်ရှိသည်နှင့်အညီ ပြည်သူလူထုကရင်းတို့ ကိုယ်စားလုပ်ပိုင်ခွင့်(Mandate)အပ်နှင်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အခြားသော တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအနှစ်သာရပြည့်ဝသော၊ တွေ့ဆုံဆွေးနွေးပွဲများကျင်းပလျက် စုပေါင်းအဖြေရှာကြပါရန်၊ မလွဲမသွေ လိုအပ်ကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစဉ်အမြဲတိုက်တွန်းတောင်းဆိုလျက်ရှိသည်"** အပါအဝင် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နိုင်ငံရေးအနှစ်သာရပြည့်ဝသည့် ဆွေးနွေးပွဲများကျင်းပနိုင်ရန် နိုင်ငံရေး ပတ်ဝန်းကျင်အခြေအနေကောင်းများကို ဖန်တီးပေးရန် နအဖ စစ်အစိုးရအား အမြန်ဆုံးဆောင်ရွက်ရန်တောင်းဆိုထားသည့် တောင်းဆိုချက် (၅)ချက်ဟာ ယနေ့ကာလ မြန်မာနိုင်ငံရဲ့ လက်တွေ့နိုင်ငံရေးဘဝ လိုအပ်ချက်နှင့် အကိုက်ညီဆုံးဖြစ်ပါတယ်။

ဒါကို လူမျိုးပေါင်းစုံပြည်သူလူထုတစ်ရပ်လုံး၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုအားလုံးနဲ့ နိုင်ငံတကာကပါ ဘုံနိုင်ငံရေး ဦးတည်ချက်လုပ်ငန်းစဉ်အဖြစ်ထားပြီး လက်တွဲဆောင်ရွက်ကြရင် နအဖစစ်အစိုးရဟာ ဘယ်လိုနည်းနဲ့မှ တောင့်ခံနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် စစ်အာဏာရှင်ပီပီ လွယ်လွယ်နဲ့ လက်လျှော့မှာ၊ တောင်းယူလို့ ရမှာတော့မဟုတ်ပါဘူး။

ဖိအားအဖြစ် လူမျိုးပေါင်းစုံပြည်သူလူထုများ၊ တရားဝင်အနိုင်ရပါတီများ၊ အပစ်အခတ်ရပ်စဲထားတဲ့ အင်အားစုများ၊ မြေပေါ်နိုင်ငံရေး အင်အားစုများ၊ မြေအောက်နိုင်ငံရေးအင်အားစုများ၊ လက်နက်ကိုင်အင်အားစုများဟာ အထက်ဖော်ပြပါ ဘုံနိုင်ငံရေးဦးတည်ချက်၊ လုပ်ငန်းစဉ်ကို မိမိတို့ရဲ့ တည်ရှိနေတဲ့ အခြေအနေများအောက်ကနေ နည်းသဏ္ဍာန်ပေါင်းစုံ၊ ဟန်ချက်ညီညီဖြင့် လက်တွဲပြီး တိုက်ပွဲဝင်သွားကြရမှာ ဖြစ်ပါတယ်။

လက်တစ်ဆုပ်စာ ဗိုလ်ချုပ်ကြီးများက တပ်မတော်ကို အသုံးချပြီး စစ်အာဏာရှင်စနစ်တည်မြဲရေးနှင့် ၎င်းတို့ရဲ့ အကျိုးစီးပွားများ ဆက်လက်တည်မြဲရေးအတွက် ပြည်တွင်းစစ်မီးကို ဆက်လက်တောက်လောင်စေပြီး၊ ဗိုလ်ချုပ်ကြီးများအတွင်း အာဏာလွန်ဆွဲပွဲများဖြင့် တိုင်းပြည်ကို အဆိုးဝါးဆုံး အခြေအနေကို ဆွဲချနေတာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မှူး၊ တပ်သားများဟာ ပြည်သူနဲ့အတူလက်တွဲပြီး ငြိမ်းချမ်းသောနည်းဖြစ်တဲ့ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ထဲမှာ ပူးပေါင်းပါဝင်ခြင်းဖြင့် အဆိုးဝါးဆုံး အခြေအနေဖြစ်ပေါ်နေတဲ့ တိုင်းပြည်နဲ့ ပြည်သူကို ကယ်တင်ဖို့လိုအပ်ပါတယ်။

## မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ ရည်မှန်းချက်များ -

(၁) စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး

(၂) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေး

(၃) ပြည်တွင်းငြိမ်းချမ်းရေး

(၄) ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး

# (၆) ကြိမ်မြောက် မူဝါဒရေးရာဦးဆောင်အဖွဲ့ အစည်းအဝေးကျင်းပ



မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု(FDB)၏ မူဝါဒရေးရာ ဦးဆောင်အဖွဲ့အစည်းအဝေးကို ထိုင်း–မြန်မာ နယ်စပ်တစ်နေရာရှိ (FDB) ရုံးတွင် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ (၆)ရက်မှ (၈)ထိ ကျင်းပခဲ့ပါသည်။

(FDB)၏ အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၂၂)ဦးတက်ရောက် ကြပြီး မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင် အပြောင်းအလဲများ အတည်ပြုခြင်း၊ အတွင်းရေးမှူးအဖွဲ့နှင့် လုပ်ငန်းကော်မတီအလိုက်အစီရင်ခံစာများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊အတည် ပြုခြင်း၊ အဖွဲ့ဝင်ဝင်အဖွဲ့စည်းများ၏ နောက်ဆုံးအခြေအနေကို မိတ်ဆက်ခြင်း၊ တပ်ပေါင်းစုများ၏အခြေအနေကို မိတ်ဆက်ခြင်း၊ လတ်တလော နိုင်ငံရေးအခြေအနေကိုသုံးသပ်ခြင်း၊ ရှေ့လုပ်ငန်း စဉ်ဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခြင်းနှင့် အထွေထွေကိစ္စရပ်များကို နွေးထွေးချစ်ကြည်စွာဖြင့် ညှိနှိုင်းဆွေးနွေး ခဲ့ကြပါသည်။

ထိုအစည်းအဝေးကြီးမှ ၂၀၀၆ ခုနှစ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်စဉ်တွင် အရေးကြီးသော နိုင်ငံရေးအချိုးအကွေ့နှစ်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်များ အမြန်ဆုံး ပေါ်ပေါက်ရန် နအဖစစ်အုပ်စုကို ဖိအားပေးရန်အတွက် လူထုလှုပ်ရှားမှုကို ဖော်ဆောင်နိုင်မည့် လူထုအခြေခံများတည်ဆောက်ရန်၊ လူထုအုံကြွမှု တိုက်ပွဲပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊ နိုင်ငံတကာ ဖိအားကိုအရယူပြီး မိမိတို့၏ ရည်ရွယ်ချက်၊ ဦးတည်ချက်၊ လုပ်ငန်းစဉ်များနှင့် လတ်တလော လုပ်ငန်းစဉ်များကို ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားမဟာမိတ်များဖြင့် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်အတည်ပြုခဲ့ကြပါသည်။ ■

# NCGUB နှင့် FDB တွေ့ဆုံ

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) မှ မြောက်အမေရိကဆိုင်ရာ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးဘိုလှတင့်နှင့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ ခေါင်းဆောင်များ ဒီမိုကရက်တစ် အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဒီမိုကရက်တစ်အင်အားစု တာဝန်ရှိခေါင်းဆောင်များမှ ဒီမိုကရက်တစ်အင်အားစု စုဖွဲ့ရသည့် ရည်ရွယ်ချက်၊ ချမှတ်ထားသည့် လုပ်ငန်း အစီအစဉ်များနှင့် လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဦးဘိုလှတင့်မှလည်း NCGUB အနေနှင့်လည်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ဆောင်ရွက်နေမှုများကို ပြန်လည်ရှင်းလင်းပြခဲ့ပါသည်။ ထို့ပြင်ရှေ့ဆက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အောက်ပါလုပ်ငန်းစဉ်များကိုလည်း ရှင်းပြခဲ့သည်။

- သတင်းအချက်အလက်စုဆောင်းခြင်းလုပ်ငန်းစဉ်။
- သုတေသနလုပ်ငန်းစဉ်။
- ပြည်တွင်းလုပ်ငန်းစဉ်။
- နိုင်ငံတကာလုပ်ငန်းစဉ်။
- ရံပုံငွေရှာဖွေရေးလုပ်ငန်းစဉ်။



- နယ်စပ်လူထု ထိုးဖောက်စည်းရုံးရေးလုပ်ငန်းစဉ် တို့ဖြစ်ပါသည်။

ရှေ့ဆက်၍လည်း အပြန်အလှန်သတင်းဖလှယ်ခြင်း၊ အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သွားရန်သဘောတူခဲ့ကြပါသည်။ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍လည်း အထက်ပါ လုပ်ငန်းစဉ်များထဲမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို စတင်ပူးပေါင်းဆောင်ရွက်သွားရန် သဘောထားချမှတ်ခဲ့ကြပါသည်။ ■

# ရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံပွဲ



ဇန်နဝါရီလ (၁)ရက်နေ့က လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး စီမံကိန်း HRDP ရုံးမှာ ဟောပြောဆွေးနွေးပွဲ တရပ်ကို ကျင်းပခဲ့ပါတယ်။

အခမ်းအနားကိုရွှေ့ပြောင်းအလုပ်သမား (၁၀၀)နီးပါး တက်ရောက်ခဲ့ပါတယ်။ ဤအခမ်းအနားမှာ ဒေါ်စန်းစန်း MPU က 'မြန်မာ့ဥပဒေအောက် အလုပ်သမားတို့ဘဝ' ခေါင်းစဉ်ဖြင့်၎င်း၊ ကိုမောင်မောင်တိတ်မှ 'တော်လှန် သော သီချင်းများနဲ့ မိတ်ဆက်ခြင်း(၁)'ဖြင့်၎င်း ဆွေးနွေးခဲ့ပါတယ်။ ထို့နောက် FDB ဒုတိယ အတွင်းရေးမှူးချုပ် ကိုငွေလင်းမှ 'လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေ'ကို ဆွေးနွေးခဲ့ပါတယ်။

တက်ရောက်လာတဲ့ ရွှေ့ပြောင်းအလုပ်သမားများကလည်း ၎င်းတို့ သိလိုတဲ့အချက်များနဲ့ မရှင်းလင်းတဲ့အချက်များကို မေးမြန်းကြရာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ပြန်လည်ရှင်းလင်းခဲ့ကြပါတယ်။

နောက်ဆုံးအစီအစဉ်အရ AAPP-B မှ 'တော်လှန်သော သီချင်းများနဲ့ မိတ်ဆက်ခြင်း(၂)'ကို ဆက်လက်တင်ပြခဲ့ပါတယ်။ အဲဒီအစီအစဉ်အရ အကျဉ်းထောင်အသီးသီးအတွင်းကနေ စပ်ဆိုထားတဲ့ တေးသီချင်း(၃)ပုဒ်ကို သီဆိုဖြေဖျော်ခဲ့တယ်လို့လည်း သိရှိရပါတယ်။

ဟောပြောပွဲအစီအစဉ်အတွင်းမှာ ကွန်ပြူတာသင်တန်းဆင်းများအား သင်တန်းဆင်းလက်မှတ်များကို HRDP ရုံးတာဝန်ရှိသူများဖြစ်တဲ့ ကိုအောင်ဝင်းတင်၊ ကိုဝင်းသိန်း၊ ABSDF မှ ကိုမောင်မောင်တိတ်၊ FDB မှ ကိုငွေလင်းတို့မှ ပေးအပ်ကြောင်းသိရှိရပါတယ်။ ■

# မြန်မာ့နိုင်ငံရေး ပူးပေါင်းဆောင်ရွက်ကြရန်ညှိနှိုင်း



ဇန်နဝါရီလ (၁၄)ရက်နေ့က (NCUB) (KNPP)နဲ့ ဗမာပြည် ကွန်မြူနစ်ပါတီက ကိုယ်စားလှယ်များ တွေ့ဆုံပြီး မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ၂၀၀၆–ခုနှစ်အတွင်း အတူပူးတွဲလုပ်ကိုင်ကြမည့် လုပ်ငန်းစဉ်များကို ထိုင်း–မြန်မာ နယ်စပ် ကရင်နီဒေသမှာ ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ အဲဒီဆွေးနွေးပွဲမှာ လက်ရှိကာလ နိုင်ငံရေးအခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။

NCUB ကိုယ်စားလှယ်အဖွဲ့ကို ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာမလာဘောက ဦးဆောင်ပြီး၊ အဖွဲ့ဝင်များအဖြစ် ဦးမောင်မောင် (FTUB)၊ ဒေါက်တာကျော်ညွှန့်(DAB)၊ ဦးရန်နောင်မြင့် (NLD-LA)၊ ဦးငွေလင်း (DPNS)တို့ ပါဝင်ခဲ့ပါတယ်။ KNPP ကိုယ်စားလှယ်အဖွဲ့ကို ဥက္ကဋ္ဌ ထဲဘူးဖဲ၊ ဒုဥက္ကဋ္ဌ အေဘယ်တွဲဒ်၊ အတွင်းရေးမှူး(၁) ရီမာန်ထူး၊ အတွင်းရေးမှူး(၂) ခူးအူးရယ်၊ စစ်ဦးစီးချုပ် စောဘီထူး၊ ဗဟိုကော်မတီဝင် ထီးစောတို့ ပါဝင်ခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖြစ် စောဂျက်ကော့လည်း တက်ရောက်ခဲ့ပါတယ်။

NCUBမှ ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်ချက်များကို NCUB အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မှ ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဲဒီနောက် NCUB၊ KNPP နှင့် CPB အကြား လက်ရှိအခြေအနေများအပေါ် အမြင်ဖလှယ်ခဲ့ကြပြီး ၂၀၀၆ ခုနှစ်အတွင်း ပူးတွဲလုပ်ကိုင်နိုင်မည့် လုပ်ငန်းစဉ်များကိုလည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။ KNPP၊ CPB တို့နှင့် အသေးစိတ် လုပ်ငန်းစဉ်များကို NCUB အတွင်းရေးမှူးအဖွဲ့က ဆက်လက်ညှိနှိုင်းသွားကြမယ်လို့လည်း သိရှိရပါတယ်။ ■

# မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (၁၀) နှစ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပ




၂၀၀၆ ခုနှစ် ဇန်နဝါရီလ(၈)ရက်နေ့တွင်ကျင်းပသော SYCB ၏ ၁၀ နှစ်မြောက်နှစ်ပတ်လည်နေ့အခန်းအနားသို့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ကိုအောင်မိုးဇော်သည် စတင်ဖွဲ့စည်းတည်ထောင်သူအဖြစ် တက်ရောက်၍အမှာ စကားပြောကြားပြီး၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ လူငယ်တာဝန်ခံ၊ SYCB ၏သဘာပတိအဖွဲ့ဝင် ကိုတိုးတိုးထွန်းမှ အပိတ်ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ ထိုသို့ပြောကြားရာတွင် “မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်သည် တိုင်းရင်းသားကျောင်းသားလူငယ် (၁၅)ဖွဲ့ဖြစ်ဖွဲ့စည်းထားသော အားကောင်းသည့် နိုင်ငံရေးဆုံချက်တစ်ခုပြီး ၎င်းအားကောင်းချက်ကို အရယူကာ ယနေ့ကာလ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးအား ဖိနှိပ်ချုပ်ချယ်ပြီး၊ တိုင်းပြည်ကို အဆိုးဝါးဆုံး အခြေအနေသို့ တွန်းပို့နေသည့် စစ်အာဏာရှင်စနစ်ကို အကုန်အစင်ဖျက်သိမ်းပစ်မှသာ SYCB ၏ မူလရည်ရွယ်ချက်များဖြစ်သော ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို ရရှိမှာဖြစ်ကြောင်း၊ လူငယ်တွေမှာ အိမ်မက်တွေများစွာရှိကြပြီး ထိုအိမ်မက်များကို လက်တွေ့နဲ့ပေါင်းစပ်နိုင်မှသာ အနာဂတ်ဆိုတာဖြစ်လာမှာ ဖြစ်ကြောင်း” ထည့်သွင်းပြောကြားသွားပါသည်။ အဆိုပါအခန်းအနားသို့ NCUB/ DAB/ NLD(LA)/ MPU နှင့် FDB တို့မှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းအသီးမှာ ကိုယ်စားလှယ်များ၊ စက်ရုံအလုပ်သမားများ စသည့် လူအင်အား(၂၅၀)ခန့် တက်ရောက်ခဲ့ပါသည်။ ■

# အမေရိကန်ကျောင်းသားများ မြန်မာ့အရေး ဆွေးနွေး

မြန်မာ့နိုင်ငံရေးကို စိတ်ဝင်စားကြတဲ့ အမေရိကန်ကျောင်းသား ကျောင်းသူ (၃၀)ဦးဟာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဌာနချုပ်ရုံးကို ဇန်နဝါရီလ (၁၂)ရက်နေ့ နံနက်(၁၀)နာရီမှာရောက်ရှိလာပြီး သိရှိလိုသည် များကို မေးမြန်းခဲ့ကြပါတယ်။ US Campaign for Burma ခေါ် အမေရိကန် နိုင်ငံအခြေစိုက် မြန်မာ့အရေး ဆောင်ရွက်နေတဲ့အဖွဲ့မှ စီစဉ်ပေးမှုဖြင့် ပါတီဌာနချုပ်ရုံးကို ရောက်ရှိလာတဲ့ အမေရိကန်ကျောင်းသားအဖွဲ့ကို ပါတီဥက္ကဋ္ဌ ကိုအောင်မိုးဇော်နှင့် ပါတီတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနချုပ်ရုံးအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ ထို့နောက် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ နှင့် အမေရိကန် ကျောင်းသားများ၏ တွေ့ဆုံပွဲကို ဆက်လက်ကျင်းပခဲ့ပါတယ်။




တွေ့ဆုံပွဲမှာ အမေရိကန်ကျောင်းသားများက လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဖြတ်သန်းလာခဲ့သည့် သမိုင်း

ကြောင်း၊ လက်ရှိအခြေအနေ၊ အနာဂတ်ရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်များကို မေးမြန်းခဲ့ကြပါသည်။ အဆိုပါ မေးခွန်းများကို ပါတီဥက္ကဌ ကိုအောင်မိုးဇော်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ကိုငွေလင်းတို့မှ ရှင်းလင်းဖြေကြားခဲ့ကြသည်။

အမေရိကန်ကျောင်းသားများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)သို့လည်း သွားရောက်ခဲ့ပြီး ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်းသိရှိရပါတယ်။ ဇန်နဝါရီလ (၁၃)ရက်နေ့မှာ ဘဲကလေ့ ဒုက္ခသည် စခန်းကိုလည်း သွားရောက်လေ့လာခဲ့ကြတယ်လို့ သိရှိရပါတယ်။

■ ■ ■

# ကိုရီးယားကျောင်းသားအဖွဲ့ ထိုင်း–မြန်မာနယ်စပ်ရှိ ဒီမိုကရေစီအင်အားစုများနှင့် တွေ့ဆုံ

တောင်ကိုရီးနိုင်ငံ Ewoo အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၂ ဦးနှင့် ဆရာ၊ ဆရာမ စုစုပေါင်း ၁၄ဦးတို့ ထိုင်း–မြန်မာနယ်စပ်ရှိ တရားမဝင်ဖွင့်လှစ်ထားသော ရောင်နီဦးစာသင် ကျောင်း အပါအဝင် အခြားစာသင်ကျောင်းများကို ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၈ ရက်နေ့အထိ လာရောက်လေ့လာ ခဲ့သည်။

ယခုအကြိမ် ကိုရီးကျောင်းသားများ လာရောက်လေ့လာခြင်းသည် ဒုတိယအကြိမ်ဖြစ်သည်။ အဆိုပါ ကိုယ်စားလှယ်ကျောင်းသားများက ထိုင်းနိုင်ငံအတွင်းရှိ မြန်မာ့ဒီမိုကရေစီအတိုက်အခံများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်သွားခဲ့သည်။ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု FDB မှ ဒုတိယအတွင်းရေးမှူးချုပ် ကိုကျော်ကို၊ အဖွဲ့ဝင် ကိုဇော်ထွန်းတို့နှင့်လည်း တစ်ရက်ကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ ကိုရီးယားကျောင်းသားကိုယ်စားလှယ်အဖွဲ့သည် မဲဆောက်မြို့နှင့် အနီးဝန်းကျင်ရှိ မြန်မာစာသင် ကျောင်းပေါင်း (၄၃)ကျောင်းကျော်ကို အထူးစိတ်ဝင်စားလျက်ရှိသည်။ အဆိုပါကျောင်းများသည် တရားမဝင် မြန်မာအလုပ်သမားများ၏ သားသမီးများအတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ထိုင်း–မြန်မာနယ်စပ်သို့ လာရောက်လေ့လာခဲ့သည့် ကိုရီးယားကျောင်းသားအဖွဲ့သည် ၂၀၀၃ ခုနှစ်တွင် တောင်ကိုရီးယား ဒီမိုကရက်တစ်



လူငယ်တစ်စုက စုပေါင်းတည်ထောင်ခဲ့သည့် Ewoo အထက်တန်းကျောင်းမှ ကျောင်းသားကိုယ်စားလှယ်များဖြစ်သည်။ အဆိုပါကျောင်းကို ဒေသတွင်း ဒီမိုကရေစီအရှည်တည်တန့်ရေးနှင့် မျိုးဆက်သစ်များကို လက်ဆင့်ကမ်းနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

■ ■ ■

# စာဆိုတော်နေ့ စာပွဲခင်းအခမ်းအနားကျင်းပ

၁၃၆၇ ခုနှစ် စာပေအနုပညာရာသီ စာဆိုတော်နေ့တွင် “စာပွဲခင်း” အမည်ပေးထားသည့် အခမ်းအနားကို ထိုင်း– မြန်မာနယ်စပ် တစ်နေရာတွင် ဒီဇင်ဘာလ (၂၁)ရက်နေ့က ပြည်ပရောက်မြန်မာအမျိုးသား စာပေချစ်သူများက ဝိုင်းဝန်းပြုလုပ်ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ထိုင်းမြန်မာနယ်စပ်မှ ထုတ်ဝေသည့် ဂျာနယ်၊ စာအုပ်စာစောင်များကိုလည်း ခင်းကျင်း ပြသထားသည်။ ထို ပြသထားသည့် စာစောင် အချို့ကို “စာပွဲခင်း” အခမ်းအနားသို့ တက်ရောက်လာသည့် စာပေဝါသနာရှင် ဧည့်သည်များအား အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

အခမ်းအနားသို့ နယ်စပ်ရောက် စက်ရုံအလုပ်ရုံများမှ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၊ မြန်မာစာသင်ကျောင်းများမှ ကျောင်းသားကလေးငယ်များနှင့် ပြည်ပရောက်ဒီမိုကရေစီအင်အားစုများ စုစုပေါင်း ပရိသတ် ၃၀၀ ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားကို ဒေါက်တာလွင်ဏ်းဆွေက ရတနာပုံ၊ ဂီတပိမ္မာန် စတဲ့ သီချင်းများနှင့်ဖွင့်လှစ်ခဲ့ပြီး ကဗျာဆရာမောင်စွမ်းရည်ရဲ့ လူထုဒေါ်အမာသို့ ဆောင်းပါးကို ကိုစွမ်းမြိုင်က ဖတ်ကြားသွားသလို စာရေးဆရာ ဂါမဏိကလည်း ဘာသာပြန် အခက်အခဲများအကြောင်း၊ ကဗျာဆရာ ကိုငြိမ်းဝေက ရိုးမြင့်(လယ်ဝေး) ရေးသားတဲ့ တောစိမ်းရနံ့ ကဗျာကိုဖတ်ကြား ခံစားမျှဝေသွားခဲ့သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းတဦးလည်းဖြစ်ခဲ့တဲ့ ကဗျာဆရာ ဇွန်မှိုင်းက အကျဉ်းထောင်တွင်း စိတ်ခံစားရေးရာ မြင့်တင်ရာမှာ အကျဉ်းအကျပ်ကြားထဲက စာပေ ကဗျာအနုပညာရဲ့ အရေးပါပုံ ထောင်ထဲက စာပေသမားများရဲ့ အခက်အခဲအကြပ်အတည်းများကြားက စာပေနဲ့လွတ်လပ်မှုကို ချစ်ခင်



တန်ဖိုးထားခဲ့ပုံအကြောင်းကို “ကျနော်တို့ကို ချုပ်ထားတဲ့ အခန်းကို ရောက်ဖို့ဆိုရင် အနည်းဆုံး သော့ခလောက် ၁၀ လုံးလောက်ကို ဖွင့်ပြီးမှ ရောက်နိုင်တာပါ။ စစ်အုပ်စုကတော့ ကဗျာဆရာကိုရော ကဗျာကိုရော ထောင်ချထားဖို့ ကြိုးစားတာပါ။ ဒါပေမယ့် ကျနော်တို့ ကဗျာတွေလည်း ထောင်မကျဘူး။ ကျနော်တို့ ကဗျာဆရာတွေလည်း ထောင်မကျဘူး။ ဘယ်လိုအကျဉ်းအကြပ်ကြားမှာပဲဖြစ်ဖြစ် ကဗျာဆရာတွေဟာ သူတို့ ကဗျာတွေနဲ့အတူ ရှင်သန်ကြတယ်”ဟု ပြောကြား သွားခဲ့သည်။

အခမ်းအနားကို တက်ရောက်လာကြတဲ့ စာပေမိတ်ဆွေများကို စာပွဲခင်းရဲ့ သဘာဝဆန်ဆန် ပကတိ အခြေအနေ များနဲ့ ကျင်းပပြုလုပ်ခဲ့ပုံကို ကဗျာဆရာ မောင်လွမ်းဏီက ပြောကြားသွားပြီးနောက် ဒေါက်တာလွင်ဏ်းဆွေက ပြည်တော်ဝင် သီချင်းဖြင့် အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။ ■

# US Campaign for Burma နှင့် FDB တွေ့ဆုံ



၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထိုင်း–မြန်မာ နယ်စပ်ရှိ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရုံး၌ အမေရိကန်ပြည်ထောင်စု မြန်မာ့အရေး လှုပ်ရှားမှုအဖွဲ့ မူဝါဒရေးရာ ညွှန်ကြားရေးမှူး ကိုအောင်ဒင်မှ USCB ၏ ရည်ရွယ်ချက်၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားပြီး၊ FDB ၏ ဒုတိယအတွင်းရေးမှူးချုပ် ကိုထွေလင်း၊ ကိုကျော်ကိုနှင့် မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်များတက်ရောက်ကာ FDB ၏ မူဝါဒ၊သဘောထား လုပ်ငန်းစဉ်နှင့် လတ်တလောလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား ကြပါသည်။ USCB မှ ကိုအောင်ဒင်က “၂၀၀၆ခုနှစ်ဟာ မြန်မာနိုင်ငံဒီမိုကရေစီ အပြောင်းအလဲအတွက် အရေးကြီးတဲ့နှစ်ဖြစ်ပါတယ်၊ ၂၀၀၆ ခုနှစ်မှာ မြန်မာနိုင်ငံအတွက် နိုင်ငံတကာ ဖိအားအမြင့်ဆုံးရရှိအောင်လုပ်ဆောင်ပြီး၊ ပြည်တွင်းနိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုများကိုလည်း ပံ့ပိုး ကူညီသွားမည်”ဟု ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ ကိုထွေလင်းက “မြန်မာနိုင်ငံ ဒီမို ကရေစီရေးအတွက် USCB အပါအဝင် နိုင်ငံတကာ အင်အားစုများမှ ပံ့ပိုး ကူညီမှုကို ကျေးဇူးတင်ကြောင်း၊ ၂၀၀၆ ခုနှစ်မှာ FDB အနေဖြင့် ပြည်တွင်း တွင် တွေ့ဆုံဆွေးနွေးရေး၊အမျိုးသား ပြန်လည်သင့်မြတ်ရေး ပေါ်ပေါက်ရန် လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲများကိုဖေါ်ဆောင်သွားမည်ဖြစ်ကြောင်း၊ NLD ပါဝင်သော၊ NLD ကိုဝိုင်းရံသော အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု အသွင် တစ်ရပ်ပေါ်ပေါက်ရန်နှင့် နိုင်ငံတကာဖိအားကိုအရယူပြီး အင်အားစုအသီးသီး ပြည်တွင်း၊ ပြည်ပဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ရန်” ပြောကြားခဲ့ပါသည်။

ထို့အပြင် ရှေ့ဆက်၍လည်း USCB နှင့် FDB တို့အကြား ပုံမှန် သတင်းအချက်အလက်များဖလှယ်ခြင်း၊ မဟာဗျူဟာအရ ဆက်စပ်ညှိနှိုင်း ခြင်း၊ တူညီနိုင်မည့်နိုင်ငံတကာလုပ်ငန်းစဉ်များ၊ ဘုံလုပ်ငန်းစဉ်များအပေါ် အပြန် အလှန်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ■

---

# ပြည်သူ့ကာကွယ်ရေးတပ် PDF ဖွဲ့စည်းတည်ထောင်ခြင်း (၁၆)နှစ်ပြည့်အခမ်းအနားကျင်းပ



ပြည်သူ့ကာကွယ်ရေးတပ် People's Defence Force ဖွဲ့စည်းတည်ထောင်ခြင်း (၁၆)နှစ်ပြည့် အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ်တစ်နေရာတွင် ဒီဇင်ဘာလ (၂၆)ရက် မနက်ပိုင်းက ပြုလုပ်ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)၊ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု (FDB)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF)၊ (NLD-LA)၊ (DPNS)၊ စသည့် နယ်စပ်အခြေဆိုက် အတိုက်အခံ အဖွဲ့အစည်းများမှ ခေါင်းဆောင်များအပါအဝင် ဧည့်သည် (၇၀)ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် စစ်အုပ်စု ရေးဆွဲလုပ်ဆောင်နေတဲ့ Road Map (7)ချက်ကို အဆင့်တိုင်းမှာ တိုက်ဖျက်သွားမှာဖြစ်တယ်။ ဒီမိုကရေစီနဲ့ တိုင်းပြည်ငြိမ်းချမ်းရေးရရှိဖို့ လက်ရှိ နအဖ စစ်တပ်ကို ပြုပြင်ပြောင်းလဲရမှာဖြစ်ပြီး ဒီလိုပြောင်းလဲရာမှာ စစ်အာဏာရှင်နဲ့ အဖိနှိပ်ခံအဆင့်မှာပါတဲ့ စစ်သားခွဲဖို့လိုအပ်ကြောင်း (PDF) ဥက္ကဌ ဦးကျော်ထက်က ပြောကြားခဲ့သည်။

ဥက္ကဌက ဆက်ပြီး“အဖိနှိပ်ခံအဆင့်မှာပါနေတဲ့ အောက်ခြေ တပ်သားတွေ တပ်မှူးတွေ တပ်ဖိုလ်တွေအကုန်လုံးကို ချဉ်းကပ်ပြီး စည်းရုံးရပါမယ်။ စစ်အာဏာရှင်နဲ့ ခွဲရပါမယ်။ လူထုဆန္ဒတွေသိအောင် သူတို့ကြားထဲမှာ လုပ်ရပ့ါမယ်။ ဒီကိစ္စကို ကျနော်တို့ အမြဲတမ်းတာဝန်တရပ်အနေနဲ့ လုပ်ဖို့လိုပြီဆိုတဲ့ဟာကို ဒီကနေ့တိုက်တွန်းခြင်ပါတယ်”ဟု အခမ်းအနား အဖွင့်အမှာစကားမှာ (PDF) ဥက္ကဌ ဦးကျော်ထက်က ပြောကြားခဲ့သည်။

“တော်လှန်ရေးတစ်ရပ်ရဲ့လက္ခဏာ လှုပ်ရှားမှုတစ်ခုရဲ့ လိုအပ်ချက်ကို ပြန်ကြည့်မယ်ဆိုရင် ကျနော်တို့ မြန်မာနိုင်ငံရဲ့အရေးဟာ နိုင်ငံရေးအင်အားကောင်းဖို့လိုသလို လက်နက်ကိုင်အင်အားကလည်း ကျစ်ကျစ်လစ်လစ်ခိုင်ခိုင်မာမာနဲ့ ရှိဖို့လိုအပ်တယ်ဆိုတာကို သမိုင်းကြောင်းအရ ဖြတ်သန်းမှုအရ ငြင်းပယ်လို့ မရတဲ့ ကိစ္စတွေပဲဖြစ်ပါတယ်”ဟု အခမ်းအနားကို တက်ရောက်လာသည့် (NCGUB) ဝန်ကြီးချုပ်ရုံးဝန်ကြီး မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုလှတင့်က ပြောသည်။ အခမ်းအနားမှာ ပြည်သူ့ကာကွယ်ရေးတပ် (၁၆)နှစ်မြောက် ထုတ်ပြန်ကြေညာချက်ကိုလည်း ဖတ်ကြားခဲ့သည်။

မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု (FDB)၊ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (DAB)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB)စသည့် တပ်ပေါင်းစု၊ တိုင်းရင်းသားမဟာမိတ် အဖွဲ့အစည်း တွေနဲ့အတူ မြန်မာ့ဒီမိုကရေစီရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည်။

■ ■ ■



လိုည်းနွေနှောင်း

## ရွှေ့ပြောင်းချိန်တုန်း လွမ်းတယ်

ဖေဖေ

စာမလာ သတင်းမကြားတဲ့ သမီးတယောက်ကို ဖေဖေ စိတ်ပူနေပြီလား။ သမီးကိုချစ်တဲ့ ဖေဖေကို သတိရနေပေမယ့် ရင်ထဲမှာ သိမ်းဆည်းထားခြင်းဟာ ဖေဖေပြောသလို ပိုပြီး လုံခြုံနေမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေရဲ့စကားကို သမီးအမှတ်ရနေမိလို့ပါ။ ဖေဖေပြောပြခဲ့ဖူးတဲ့ ဖြတ်လေးဖြတ်အကြောင်းတွေလေ၊ ကိုယ်ဘာပဲလုပ်လုပ် ကိုယ်လုပ်နေတဲ့ လုပ်ငန်းကို ကိုယ်ပဲသိရမယ်။ သူများကို ပြောပြစရာမလိုဘူး၊ တကယ်လို့များ တယောက်ယောက်က သိသွားပြီးဆိုရင် ဘယ်လိုမှ မလုံခြုံတော့ဘူး။ အဲဒီတုန်းက ဖေဖေရဲ့စကားပြောသံတွေကို သမီးခုထိ မှတ်မိနေတယ်။ လေယူလေသိမ်းကအစ ဖေဖေအရမ်းကို ခံစားနေရတယ်ဆိုတာ သိသာတယ်။ ရွာကို စိုးရိမ်ရတာကတကြောင်း၊ မိသားစုကို စိုးရိမ်နေရတာကတကြောင်း၊ ကိုယ့်ကိုယ်ကို စိုးရိမ်နေရတာကတကြောင်းစတဲ့ အကြောင်းကြောင်းတွေကို ဖေဖေတို့ အရမ်းကို ခါးစည်းခံလာခဲ့ရတာပါ။ နောင်မျိုးဆက်တွေ ဘယ်လို၊ ဘယ်လောက်ထိ ထပ်ခံရဦးမလဲမသိဘူးနော်။ ရွာထဲမှာလဲ ဥက္ကဋ္ဌလုပ်ချင်တဲ့သူတောင် မရှိသလောက်ပဲတဲ့။ ဖေဖေက သူရဲ့ခံခဲ့ရတဲ့ အဖြစ်အပျက်တွေကို ပြောပြခဲ့ဖူးတယ်။

အဲဒီတုန်းက ဖေဖေ ကျမကို ဘာဖြစ်လို့ လာပြောနေလဲလို့ ကျမကောင်းကောင်း သဘောမပေါက်ခဲ့ဘူး။ တကယ်တော့ အဲဒီခေတ် ကာလတုန်းကဆိုရင် ကျမလဲ မသိ တသိအရွယ်ဆိုတော့ ဖြစ်ပျက်တဲ့အကြောင်းကို အချို့မှတ်မိနေသေးတယ်။ ဖြတ်လေးဖြတ်တုန်းကဆိုရင် ကျမ (၁၀)နှစ် သမီးအရွယ်လောက်ရှိပြီ။ အဲအချိန်တုန်းကဆိုရင် ဗမာစစ်သားတွေ ရွာထဲမှာ အများကြီးပါပဲ။ သူတို့ တပ်တွေက ရွာထိပ်၊ ရွာလယ်၊ ရွာအောက်ပိုင်းမှာ စခန်းချထားကြတယ်။ ပတ်ဝန်းကျင်ရဲ့အလှကို ငေးမောလိုက်ရင်း တောတောင် ရေမြေ၊ သဘာဝရဲ့အလှ၊ လက်ဖက်ခင်းရဲ့ စိမ်းလန်းစိုပြေမှုတွေကို ခံစားနိုင်ပါတယ်။ သိပ်ကို လှပစိမ်းမြတဲ့ သဘာဝရှုခင်းတွေပါ။ အခုမြင်နေရတာက အစိမ်းတော့ အစိမ်းပါပဲ။ ဒါပေမယ့် သဘာဝရဲ့အလှကို ခံစားနေရတာမျိုး မဟုတ်ပါဘူး။ အတုတွေကို ခံစားနေရတာပါ။ ဗမာစစ်သားတွေရဲ့ ယူနီဖောင်းအရောင်တွေလေ၊ အရောင်က အစိမ်းရင့်ရောင် မဟုတ်လား။ လူသားတွေက အစိမ်းရောင်ကို အမျိုးမျိုး တင်စားတတ်ကြတယ်။ အစိမ်းရောင်ဟာ လူသားတွေကို စိမ်းလန်းစိုပြေစေပြီး ကြည်လင်အေးမြစေတယ်တဲ့။ တချို့တချို့ကတော့ အစိမ်းရောင်ဟာ စိမ်းကားခြင်းကို ရည်ညွှန်းတယ်တဲ့။ လူတကာကို စိမ်းကားနေတယ်ပေါ့လေ။ 'အမင်္ဂလာ'အရောင်လည်း ဖြစ်တယ်။ အဲဒီကာလက ကျမတွေ့ခဲ့ရတဲ့ ဗမာစစ်သားတွေရဲ့ ယူနီဖောင်းအရောင်ကတော့ အဲဒီ 'အမင်္ဂလာ' အရောင်မျိုးပါပဲ။

အဲအချိန်တုန်းက ပလောင်စစ်သားတွေက ငြိမ်းချမ်းရေး မယူသေးတဲ့ အချိန်ဖြစ်ပါတယ်။ ရွာထဲမှာ ဗမာစစ်သားတွေက ပလောင်စစ်သားတွေကို သူပုန်လို့ခေါ်သလို ပလောင်စစ်သားတွေကလည်း ဗမာစစ်သားတွေကို သူပုန်လို့ ပြန်ပြီးခေါ်တယ်။ ပလောင်ပြည်သူ လူထုတွေကတော့ ဗမာစစ်သားနှင့် ပလောင်စစ်သားကြားမှာ ခါးစားခံဖြစ်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗမာ စစ်သားတွေက လာမေးတတ်တယ်။ ပလောင်သူပုန်တွေ ရွာထဲဝင်လာတာကို တွေ့လားပေါ့၊ မတွေ့ဘူးလို့ ပြောရင် နှိပ်စက်ခံရတယ်။ တွေ့တယ်လို့ ပြောမိရင် လမ်းပြအဖြစ် ပေါ်တာဆွဲခေါ်သွားတော့တာပဲ။ တချို့သော ပြည်သူတွေ ဘယ်လို ခံရသလဲဆိုရင် ပလောင်စစ်သားတွေက ဗမာစစ်သားတွေလို ဟန်ဆောင်ပြီး 'ပလောင်စစ်သား ရွာထဲဝင်သွားတာ ရှိလား၊ အခုန တွေ့ခဲ့တယ်'ဆိုတာမျိုး မေးတတ်တယ်။ ရိုးသားလှတဲ့ ပလောင်ပြည်သူတွေဟာ မတွေ့ဘူးလို့ပဲ ဖြေလိုက်တယ်။ အတင်းပဲ ငြင်းကြတယ်။ ထပ်ခါထပ်ခါ မေးတယ်။ ဖြေတဲ့လူကလည်း မတွေ့ဘူးပဲ။ ထပ်ခါထပ်ခါငြင်းတယ်။ နောက်ဆုံးကျတော့ "ကျနော်တို့က ပလောင်စစ်သားတွေပဲ။"လို့ သူတို့က ပြောကြတယ်။ တကယ်က ပြည်သူလူထုရဲ့ သစ္စာတရားကို စမ်းကြည့်တဲ့သဘောပေါ့နော်။ များသောအားဖြင့်တော့ အဲဒီလိုဖြေတတ်ကြပေမယ့် တချို့သော ပလောင်ပြည်သူလူထုတွေက အတင်းနှိုက်ပြီး မေးခွန်းမေးရင် ကြောက်ကြောက်နဲ့ အယောင်ယောင်အမှားမှားဖြေမိတဲ့အတွက် အသတ်ခံရတာလည်း မနည်းပါဘူး။ ပလောင်ပြည်သူတွေဟာ ဒီအခြေအနေတွေအောက်မှာ မြေဇာပင် ဖြစ်နေခဲ့ရတာပါ။

မှတ်မိပါသေးတယ်၊ ဗမာစစ်သားတွေချည်း ရွာထဲမှာ စည်ကားနေတဲ့ အချိန်တွေမှာ ပလောင်စစ်သားဆိုတာ မှုးလို့တောင် ရှုစရာမရှိဘူး ဖြစ်နေတယ်။ သူတို့က တောကြိုတောင်ကြားမှာပဲ နေနေရတယ်။ ပလောင်ဒေသကို ဗမာစစ်သားတွေ အုပ်ချုပ်သလိုမျိုးဖြစ်နေတယ်။ အဲလိုမျိုးနဲ့ပဲ ပလောင် ပြည်သူလူထုတွေ ဒုက္ခတွေအမျိုးမျိုး ကြုံရတယ်။ ဘယ်လို ခံစားနေရသလည်း ဆိုရင် စစ်ဖြစ်ပြီဆိုရင် အိမ်ပြင်မထွက်ရ၊ လက်ဖက်ခြံမသွားရ၊ တခါတလေ ရွှေဖီဦးချိန်မှာ စစ်ဖြစ်ရတာမျိုးနဲ့လည်း ကြုံခဲ့ရတယ်၊ အဲဒီအချိန်ဟာ ဝင်ငွေ အကောင်းဆုံးအချိန်ဖြစ်တယ်၊ အပျော်ဆုံးအချိန်လည်း ဖြစ်တယ်။ ဗမာစစ်သားတွေ သေနတ်ဖေါက်သံကြားပြီးဆိုရင် လူကြီးတွေက ကလေးတွေကို ပုန်းခိုခိုင်းတယ်။ ပုန်းခိုတဲ့နေရာကတော့ မြေအောက်ခန်းမှာဖြစ်တယ်။ အဲဒီမြေအောက်ခန်းက ပုန်းခိုတဲ့တွင်းကို ၆ ပေ စာလောက်တူးထားတယ်။ သူပုန်လာပြီလို့ ကြားလိုက်တာနဲ့ အဲဒီ ပုန်းခို တွင်းထဲကို ပြေးပြီးပုန်းရတယ်။ အဖေတို့ အမေတို့က ရှောင်ကြပုန်းကြရတယ်။ လူကြီးတွေဆိုရရင် ပေါ်တာဆွဲတယ်။ ပေါ်တာ မလိုက်နိုင်ရင် ပစ်သတ်တယ်။ အဘိုးအို၊ အဘွားအိုတွေပဲ အိမ်ထဲမှာ နေချင်ယောင်ဆောင်ရတယ်။ တကယ်စစ်ကြီးကြီးဖြစ်ရင်တော့ အိမ်ထဲမှာ လူတွေ မနေရဲကြတော့ဘူး။ မီးလည်း မမွှေးရဲကြဘူး။ ညသန်းခေါင်အချိန်ရောက်မှ မီးမွှေးပြီး ထမင်းချက်စားကြရတယ်။ စစ်ဖိနပ်သံတွေကြားရင် မီးကို ကမန်းကတန်း ငြှိမ်းလိုက်ရတယ်။

ရွှေဖီချိန်မှာ စစ်ဖြစ်တယ်ဆိုတော့ တန်ဖိုးအရှိဆုံးအချိန်ကို ဖြုန်းလိုက်ရသလို ခံစားမိတယ်။ တခါတလေ ရွာသားတွေက လက်ဖက်ခြံကို ခိုးသွားကြတယ်။ ခိုးဝှက်ပြီး လက်ဖက်ခူးကြတယ်။ ကျမ ကိုယ်တိုင်လည်း ကြုံတွေ့ခဲ့ရတယ်။ လက်ဖက်ခြံထဲရောက်နေပြီး လက်ဖက် ပလိုင်း မပြည့်တပြည့်နဲ့အချိန် 'ရွာထဲမှာ စစ်ဖြစ်နေပြီ' ဆိုတဲ့အသံတွေ၊ လူတွေ အော်သံတွေကို ကြားရပြီဆိုရင် ပလိုင်းလွယ်ပြီး ပြေးရတော့တာပဲ။ လက်ဖက်ခြံက ရွာနားနီးတော့ အိမ်ကို အပြေးကလေး ပြန်လိုက်ရတယ်။ 'လက်ဖက်ခြံကို လုံးဝမသွားရဘူး' ဆိုတဲ့ အမိန့်မျိုးလည်း ထုတ်တတ်တယ်။ တွေ့ရှိရင် ချက်ချင်း အပြစ်ဒဏ်ပေးတယ်။ တခါတလေ အခန့်မသင့်ရင် နေရာမှာတင် ပစ်သတ်တာကို ခံရတယ်။

ပြောရဦးမယ်---သူတို့ လေလုတံတားကို သွားဆောက်ဖို့အတွက် ဗမာစစ်သားတွေက ရွာမှာရှိတဲ့ ပြည်သူတွေကို ပေါ်တာဆွဲတယ်။ ဘယ်လိုခေါ်လဲဆိုရင် 'အမိန့်... မနက်ဖြန် လေလုတံတားကို ဆောက်ဖို့အတွက် တအိမ်ကို တယောက်၊ မိန်းကလေး၊ ကလေးလုံးဝ မထည့်ရ၊ နောက်ကျသော သူများကို ဒဏ်ပေးခံရမယ်။ ပိုက်ဆံပေးလို့မရ၊ ကိုယ့်ထမင်းထုတ်နဲ့ လာခဲ့ရမယ်' ဆိုတဲ့ တချက်လွှတ်အာဏာတည်တဲ့ အမိန့်မျိုးပဲ။

ဘုန်းကြီးကျောင်းမှာ လူတွေကို စုထားခိုင်းတယ်။ ကျမတို့အိမ်က ဘုန်းကြီးကျောင်းနားနီးတော့ အသံပေါင်းစုံကို ကြားနေရတယ်။ မနက်အာရုံဦးအချိန်မှာ... ဖြောင်း၊ ဖြောင်းဆိုတဲ့ အသံကို နားထဲမှာ ဆက်တိုက်ဆိုသလို ကြားနေရတယ်။ နားထဲမှာ ဘာအသံလဲပေါ့၊ လူတယောက်ရဲ့ အော်သံကိုလဲ ကြားရပြန်တယ်။ 'နောက်ကျဦးမလား' ဆိုတဲ့ စူးရှမာကြောတဲ့ ခပ်ပြတ်ပြတ်အမိန့်သံနဲ့အတူ ကျမ ချောင်းကြည့်လိုက်တော့ ဗမာ စစ်သားခေါင်းဆောင်တယောက်က ပလောင်ပြည်သူလူထုကို နှိပ်စက်နေတယ်။ နောက်ကျတဲ့ လူတွေကို ရိုက်နှက်နေတယ်။ ကျမက ငယ်သေးတော့ သိပ်နားမလည်ဘူး၊ အမေကို မေးကြည့်လိုက်တော့ 'မသိချင်စမ်းပါနဲ့ သမီးရယ်' လို့ ဖြေတယ်။

စစ်ဒဏ်ကို ခံခဲ့ရတဲ့နည်းတွေ မနည်းဘူးပေါ့၊ ပလောင်ပြည်သူ လူထုတွေ ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံခံစားနေကြရတဲ့အတွက် ပလောင် စစ်သားတွေက နဝတနဲ့ ၁၉၉၁ မှာ ငြိမ်းချမ်းရေးယူလိုက်ရတယ်။ အပစ်ခတ်ရပ်စဲလိုက်တယ်။ ဒါပေမယ့် ပြည်သူလူထုတွေ တကယ်ငြိမ်းချမ်းရေး အစစ်အမှန်ကို ရရှိသလားဆိုတော့ မရရှိခဲ့ပါဘူး။ ဒုက္ခအိုး၊ ငရဲအိုးထဲက ဘယ်လိုမှ မလွတ်ပါဘူး။

အခုတော့ ဖေဖေ့ရဲ့ ညည်းညူသံကို ပြန်ကြားနေရပြန်တယ်။ "သမီးရယ် ရွာပြန်လာဖို့ စိတ်မကူးပါနဲ့တော့၊ သမီးရောက်တဲ့အရပ်မှာ ပျော်သလိုသာနေပါ။ ကိုယ်ဖြစ်ချင်တာတွေကို ဖြစ်အောင်၊ အောင်မြင်အောင်သာ ဆက်လုပ်ပါ၊ ကိုယ်လုပ်နေတဲ့အလုပ်က ဘာလဲဆိုတာ ပြောပြစရာ မလိုအပ်ပါဘူး။ ကန်ဖွန်းရွက် သွားစိုက်တယ်၊ သူများအိမ်ဖော်သွားလုပ်တယ်။ ပန်းကန်ဆေးတယ်ဆိုတာမျိုးတွေသာ ပြောပါ၊ သူများတွေ အထင်သေးချင်သေးပါစေ ကိုယ့်လျှို့ဝှက်ချက်ကို ဘယ်သူကိုမှ ပြောမပြမိဖို့ အရေးကြီးတယ်။" ဆိုတဲ့ ဖေဖေ့ရဲ့ စကားကို သမီးအမြဲသတိထားပါ့မယ် ဖေဖေ။ သမီးရဲ့လုံခြုံရေးအတွက် ဖေဖေ့ရဲ့ စကားလုံးလှလှလေးတွေဟာ သမီးရဲ့ရင်ထဲကို ဆူးနဲ့ထိုးထားသလို ခံစားမိတယ်။ ပလောင်ဒေသမှာ တခုခု ဖြစ်နေပြန်ပြီလားလို့ မသိစိတ်က အလိုလိုသိနေတယ်။

မကြာပါဘူး။ ဒီလိုနဲ့ပဲ နေလာတော့ အခုတကျော့ နေကာမျက်မှန်တပ်ထားတဲ့ မျက်နှာစိမ်းလူသားတွေ ရွာထဲမှာ ပြန်လည် စည်ကားနေပြန်ပြီ။ ပလောင်ငြိမ်းချမ်းရေးအဖွဲ့တွေ လက်နက်ကို ၂၀၀၅ ဧပြီလ ၂၉ရက်နေ့မှာ အပြီးအပိုင် အပ်ပြီးတဲ့နောက်ပိုင်းမှာ ပြဿနာတွေ အမျိုးမျိုးပါပဲ။ ပလောင်နယ်မြေဒေသကို နအဖတပ်တွေက အခြေစိုက်လိုက်၊ ရှမ်းအဖွဲ့ (SSA) တွေက လာပြီး အခြေစိုက်လိုက် လုပ်နေကြတယ်။ တချိန်ထဲမှာပဲ ပလောင် မိဘပြည်သူတွေဟာ နည်းမျိုးစုံနဲ့ လူအခွင့်အရေးတွေကို ချိုးဖောက်ခံနေရတယ်။ (SSA) ပြောက်ကျားလှုပ်ရှားမှု အဖွဲ့တွေကို ဝိုင်းရံပိတ်ဆို့ဖို့အတွက် နအဖတွေတပ်တွေက ပလောင်ပြည်သူ (၅၀၀)ကျော်ကို ပလောင်ဒေသမှာ လမ်းပြခိုင်း၊ ပေါ်တာဆွဲ၊ စခန်းတွေ ဆောက်ခိုင်းလုပ်တဲ့အပြင် စားသောက်စရာဟင်းသီးဟင်းရွက်တွေကို အတင်းအဓမ္မယူဆောင်ကြတယ်။

အမည်မဖော်လိုသူ နမ့်ဆန်ဒေသမှ ရွာသားတစ်ဦးက "ကျနော့် ပုခုံးတွေ အားလုံးနာကျင်ပြီး ဒါဏ်ရာတွေရနေတယ်။ ကျနော်နဲ့ ကျနော့်သူငယ်ချင်းက ကျည်ဆန်သေတ္တာကို နှစ်ရက်နဲ့တညလုံးလုံး တောက်လျှောက်ထမ်းလာရတာလေ။ ကျနော်က လမ်းဆက် မလျှောက်နိုင်ဘူးလို့ပြောတော့ စစ်သားတယောက်က ကျနော့်ကိုရိုက်ပြီး ဆက်သွားခိုင်းတယ်" ဆိုပြီး ကျောနဲ့ ပုခုံးက ဒါဏ်ရာတွေကို ပြကာပြောပြနေတဲ့အကြောင်းတွေ ကြားနေရပါတယ်။

ရွာသူကြီးတဦးကလည်း "ကျနော် ကြက်အကောင် တစ်ရာ၊ အရက်နဲ့ ဟင်းသီးဟင်းရွက်တွေ အစားအသောက်တွေကို အပတ်တိုင်းပို့ပေးနေရတယ်။ ကျနော်တို့လိုပဲ အခြားရွာတွေကလည်း ပို့ရတယ်လို့ ကျနော်သိရတယ်။ အဲဒီလိုမပို့ရင် ကျနော်တို့ရွာကို မီးရှို့ပစ်မယ်လို့ နအဖ ဗိုလ်ကြီးက ခြိမ်းခြောက်တော့ ကြောက်တာနဲ့ အပတ်စဉ်တိုင်းရှာပြီး ပို့ပေးနေရတာပဲ" လို့ ပြောပြတာကိုလည်း ကြားရတယ်။

အရင်တုန်းကလိုပဲ ကိုယ့်လက်ဖက်ခြံကို လွတ်လွတ်လပ်လပ် မသွားရတော့ဘူး။ နအဖကို ကြောက်ရတာတမျိုး (SSA)ပြောက်ကြား လှုပ်ရှားမှုအဖွဲ့ကို ကြောက်ရတာတဖုံ။ ကြားခံနေတဲ့ ပလောင်မိဘပြည်သူတွေဟာ ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရတယ်။ သူငယ်ချင်း တယောက်ရဲ့ ရင်ဖွင့်သံက " အခု ကျနော်တို့ အိမ်ပြောင်းနေရပြီ ရွာထဲကို အေးအေးဆေးဆေး မနေရဘူး"တဲ့၊ Internal Displaced Person (IDP)တွေ အများကြီးဖြစ်လာတယ်။ နယ်ခြားကိုလည်း မလာရဲကြဘူး။ 'ခရီးလုံးဝ မထွက်ရ' ဆိုပြီးလည်း အမိန့်ထုတ်ထားတယ်၊ ဒုက္ခကြုံနေရတဲ့ ပလောင်မိဘတွေကို မြင်ယောင်နေမိတယ်။

ပြန်မလာနဲ့ဆိုတဲ့ ဖေဖေ့ရဲ့ အမှာစကားက ကျမအတွက် စိုးရိမ်မကင်းဖြစ်ခဲ့မိတာ အမှန်ပါ။ ကျမဒုက္ခရောက်မှာကြောက်တဲ့ ဖေဖေ့ရဲ့ စိုးရိမ်ချက်ကို နားလည်ပါတယ်။ စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာတွေ ရှိနေပြီဆိုတာကို ကျမ ခံစားလို့ရပါတယ်။ ဖေဖေကော ဘယ်လိုများ နေလေမလဲ။ စစ်သားတရုန်းရုန်းနဲ့ ကင်းလှည့်တဲ့ အလှည့်နဲ့၊ ဓားစားခံဘဝနှင့် နှိပ်စက်ခံနေရပြီလား။ ကြားနေရတဲ့ သတင်းပေါင်းစုံတွေကြောင့် ကျမလေ အတောင် ပံများရှိခဲ့ရင် အမြန်ဆုံးနှုန်းနဲ့ အတောင်ပံခတ် ပျံသန်းပြီး ပလောင်နယ်ကလေးကို ပြန်ကြည့်လိုက်စမ်းချင်တယ်။ အခုတော့ ကျမရဲ့ အဖြစ်အပျက်နဲ့ ခံစားမှုမျိုး ကျမသူငယ်ချင်းတွေလည်း ခံစားနေကြရပြီ။ စိုးရိမ်နေရတာ အမေပဲပေါ့၊ ကိုယ့်ဒေသ ကိုယ့်လူမျိုးတွေအတွက် ဘာတခုမှ မလုပ်ပေးနိုင်သလိုလည်း ခံစားလိုက်ရတယ်။ ကျမတို့ဟာ အောင်မြင်ဖို့အတွက် ခြေလှမ်းပေါင်းတစ်သောင်းလှမ်းရမယ်ဆိုရင် အခုကျမတို့ လှမ်းနိုင်တာဟာ ပထမဆုံးခြေလှမ်းဖြစ်မှာပါ။

အခုတော့ဖြင့် စလှမ်းလိုက်တဲ့ ခြေလှမ်းလေးကိုတောင် ဆွဲပြီး တုတ်နှောင်ခံနေရသလို ကျမခံစားမိတယ်။ ဒါပေမယ့်လေ ဘယ်လောက်ပဲ တုတ်နှောင်ထားပါစေ တနေ့ ကိုယ့်ရဲ့အားထုတ်မှု၊ ရုန်းကန်မှု၊ လုံ့လစိုက်မှုတွေဟာ ဒီတုတ်နှောင်မှုတွေကို ဖြတ်သန်းကျော်လွှား လွန်မြောက်သွားနိုင်လိမ့်မယ်ဆိုတာ ကျမ အသေအချာယုံကြည်တယ်။ အဲဒီ မျှော်လင့်ချက်နဲ့ သမီးဆက်လက်ရှင်သန်ရဦးမယ် ဖေဖေ။ သမီးအလုပ်တွေ အများကြီး လုပ်ရဦးမယ်။ သေချာပါတယ်။ ရွှေဖီချိန် တချိန်ချိန်မှာ သမီး ဆက်ဆက် ပြန်လာခဲ့ပါ့မယ်။ ။

**လိုည်းနွေနှောင်း**

*၁၆– ၁– ၂၀၀၆။*

(မှတ်ချက်။ ။နဝတ၊နအဖစစ်တပ်တွေကို ဗမာစစ်တပ်လို့ နှုတ်ကျိုးပြီးခေါ်လေ့ရှိပါတယ်။)

# (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားမှာ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု ဒုတိယအတွင်းရေးမှူးချုပ် ကိုငွေလင်းမှ ပြောကြားသောမိန့်ခွန်း

တက်ရောက်လာကြတဲ့ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ ရဲဘော်များနှင့် ညီအကိုမောင်နှမများကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။

လွန်ခဲ့တဲ့ (၅၈)နှစ်ဆီက ဒီလိုမနက်(၄)နာရီ မိနစ်(၂၀)မှာ ကျနော်တို့ လွတ်လပ်ရေးရခဲ့တယ်။ လွတ်လပ်ရေးရတဲ့ အခမ်းအနားမှာ အင်္ဂလိပ်နယ်ချဲ့ရဲ့ ယူနီယံဂျက်အလံကို ဖြုတ်ချပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူခဲ့ကြပါတယ်။ အဲဒီနေ့ မြင်ကွင်းဟာ ကျနော်တို့ မြန်မာပြည်သူ အားလုံး အတွက် အလွန်ကြည်နူးစရာ မြင်ကွင်းဖြစ်ခဲ့မှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ လွတ်လပ်ရေးရဖို့ရာ ကျနော်တို့ရဲ့ အသက်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရလို့ပါ။

(၁၈၈၅) ခုနှစ် လွတ်လပ်ရေးဆုံးရှုံးပြီးတဲ့နောက်ပိုင်းမှာ ကျနော်တို့ရဲ့ တိုင်းရင်းသားညီအကိုတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေဟာ နေရာဒေသအသီးသီးမှာ နယ်ချဲ့သမားကို ခုခံဆန့်ကျင် တော်လှန်တိုက်ခိုက်ခဲ့ကြပါတယ်။ သို့သော်လည်းပဲ လက်နက်ချင်းကလည်းမတူ၊ အခြေအနေပေးမှုခြင်းကလည်း မတူတဲ့အတွက် ဘယ်လောက်ပဲ ရွတ်ရွတ်ချွန်ချွန် တိုက်ပွဲဝင်ခဲ့ကြပေမယ့် (၁၀)နှစ်လောက် အကြာမှာတော့ နယ်ချဲ့ရဲ့ ချေမှုန်းခြင်းကို ခံခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျနော်တို့ရဲ့ တိုက်ပွဲပုံသဏ္ဍာန်ဟာ လက်နက်ကိုင် တိုက်ပွဲပုံသဏ္ဍာန်ကနေ လူထုတိုက်ပွဲ ပုံသဏ္ဍာန်ဆီကို ပြောင်းလဲလာခဲ့ရပါတယ်။

(၁၉၀၆) ခုနှစ်ကို ရောက်တဲ့အချိန်မှာ ဝိုင်အမ်ဘီအေကို တည်ထောင်ခဲ့ကြပါတယ်။ တဆက်တည်းမှာပဲ (၁၉၂၀)မှာ ဂျီစီဘီအေကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့တယ်။ တဆက်တည်းမှာ (၁၉၂၀) တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်တဲ့ ပထမကျောင်းသားသပိတ်ပေါ်လာတယ်။ (၁၉၃၆)မှာ ဒုတိယကျောင်းသား သပိတ် ပေါ်လာတယ်။ အဲဒီလိုပဲ (၁၉၃၈)မှာ တတိယကျောင်းသား သပိတ် ပေါ်ခဲ့တယ်။ ဒါဟာ လူထုအား နဲ့ လူထုတိုက်ပွဲတွေ ဆင်နွှဲခဲ့ကြတာပါ။ (၁၉၃၀)မှာ ဆရာစံခေါင်းဆောင်တဲ့ လယ်သမားသူပုန်တပ်ဟာ နေရာအနှံ့အပြားမှာ နယ်ချဲ့အစိုးရကို လက်နက်ကိုင်တော်လှန်ခဲ့တယ်။ ကျနော် ငယ်ငယ်က သူပုန်ဆိုတာ မကောင်းဘူးလို့ ကလေးအတွေးနဲ့ ထင်ခဲ့ဖူးတယ်။ အဲဒီလို အတွေးနဲ့ လယ်သမားတွေလွတ်မြောက်ရေးအတွက် တော်လှန်ရေး ဆင်နွှဲနေတဲ့ ဆရာစံကို သူပုန်လို့ ဘာကြောင့်ခေါ်ကြတာပါလိမ့်လို့ ကျနော် စဉ်းစားခဲ့ဖူးတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာတော့ ကျနော်တို့ရဲ့ တိုင်းရင်းသား ညီအကိုတွေ လူမျိုးတိုင်းလိုလိုမှာ လက်နက်မကိုင် ထားသူရယ်လို့ မရှိသလောက်ပဲ။ လူမျိုးစု အားလုံးလိုလိုက အာဏာရအစိုးရကို လက်နက်ကိုင်ပြီး တော်လှန်စစ်ဆင်နွှဲနေကြပြီ။ သူတို့ကိုလည်း အာဏာရအစိုးရများက သူပုန်လို့ ခေါ်ကြပြန်တယ်။ ကျနော့်သဘောကတော့ ပုန်ကန်တာဟာ တရားတယ်လို့ မြင်တယ်။ သူ့ဘက်က သူပုန်လို့မြင်ပေမယ့် ကျနော်တို့ ဘက်ကတော့ တော်လှန်ရေးသမားတွေလို့ မြင်တယ်။

(၁၉၃၉)မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာပြီးနောက်ပိုင်း (၁၉၄၀– ၄၂)မှာ အင်္ဂလိပ်နယ်ချဲ့ကို လက်နက်ကိုင်ပြီး တိုက်ထုတ်ခဲ့ ကြတယ်။ (၁၉၄၂ နဲ့ ၄၅)ကြားကာလဟာ ဂျပန်စိုးမိုးတဲ့ ကာလဖြစ်ပါတယ်။ (၁၉၄၅)မှာ အဲဒီ ဖက်ဆစ်ဂျပန်ကို အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုတစ်ခုဖြစ်တဲ့ ဖဆပလက ခေါင်းဆောင်ပြီး တော်လှန်တိုက်ခိုက်ခဲ့ကြတယ်။ (၁၉၄၅– ၄၈) ကာလတွေကတော့ အင်မတန်အရေးကြီးတဲ့ လွတ်လပ်ရေး ကြိုးပမ်းခဲ့ရတဲ့ ကာလတွေပါ။ အဲဒီကာလတွေမှာ သခင်အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့ရဲ့ အတွဲညီညီ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့မှုတွေကြောင့် အဲဒီခေတ်ကို ဆန်းနဲ့သန်းခေတ် လို့တောင် ခေါ်ခဲ့ကြရတယ်။ နောက်တော့ သမိုင်းရဲ့အဆစ်အချိုးတွေ အောက်မှာ ညီညွတ်ရေးအစည်းပြေတော့မလို ဖြစ်ခဲ့ရတယ်။ ဒါကို သခင်အောင်ဆန်းရော၊ သခင်သန်းထွန်းတို့ဘက်ကရော နားလည် သဘောပေါက်ပြီး ညီညွတ်ရေးကိုပြန်တည်ဆောက်ဖို့ ကြိုးစားခဲ့တယ်။ အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်မှ စစ်မှန်တဲ့ လွတ်လပ်ရေးကို ရနိုင်လိမ့်မယ်လို့ မြင်ခဲ့ကြတယ်။ ဒီအတွက် ညီညွတ်ရေးရလုရခင်မှာပဲ နယ်ချဲ့သမားဟာ ဗိုလ်ချုပ်တို့ကို လုပ်ကြံလိုက် တဲ့နည်းနဲ့ အရှိန်ကိုလျော့ချပစ်တယ်။ နယ်ချဲ့သမားဟာ ကျနော်တို့ကို ဘာကြောင့်မညီညွတ်စေချင်တာလဲ။ ဒါက ရှင်းပါတယ်။ ကျနော်တို့ညီညွတ်ရင် ကျနော်တို့ကို သူ လွတ်လပ်ရေး အစစ်အမှန် ပေးရလိမ့်မယ်။ ကျနော်တို့ မညီညွတ်ရင် သူကျနော်တို့ကို လွတ်လပ်ရေး အတုအယောင် ပေးလို့ရတယ်။

(၁၉၄၇– ၄၈)အတွင်းမှာ ကျနော်တို့ အပြင်းအထန်ကြိုးစား အားထုတ်မှုတွေကြောင့် (၄၈)ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့မှာ ကျနော်တို့ လွတ်လပ်ရေး ရခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ အစောက သဘာပတိကြီး ထောက်ပြသလို ဒီမိုကရေစီတစုံတရာရှိတယ်လို့ဆိုနိုင်ပေမယ့် တကယ်တမ်းကျတော့ မလုံလောက်ဘူး။ အမျိုးသားတန်းတူခွင့်လည်း မရှိဘူး။ ကိုယ်ပိုင်ပြဌာန်းခွင့်လည်း မရဘူး။ ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ထားခဲ့တဲ့ လမ်းညွှန်ချက်(၇)ချက်ကိုလည်း အာဏာရအစိုးရဟာ ပြည့်ပြည့်ဝဝအကောင်အထည် မဖော် နိုင်ဘူး။ ဒါကြောင့်မို့လို့ လွတ်လပ်ရေးဟာ ရသယောင်ယောင်နဲ့ တကယ်တမ်းကျတော့ မရခဲ့ဘူး။ ဒီမိုကရေစီဆိတ်သုဉ်းပြီး အမျိုးသား တန်းတူခွင့်တွေ ကင်းမဲ့ခဲ့တာကြောင့် (KNDO, MNDO)စတဲ့ အင်အားစုတွေ လက်နက်ကိုင် တော်လှန်ရေးကို စတင်ခဲ့ကြတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်တို့ လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့ကြတယ်။

ဒီမှာ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေဟာ ဘာကြောင့် လက်နက်ကိုင်ခဲ့ရတာလဲ။ ကျနော်တို့ စဉ်းစားကြည့်သင့်တယ်။ ပါတီတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ လူမျိုးစုတစ်စုဟာ ဒီမိုကရေစီမရှိဘူးဆိုရင်၊ အမျိုးသား တန်းတူခွင့်မရှိဘူးဆိုရင်၊ ကိုယ်ပိုင်ပြဌာန်းခွင့် မရှိဘူးဆိုရင် ဘယ်လိုရပ်တည်မလဲ။ တန်းတူရည်တူနိုင်ငံရေးကို ဘယ်လိုလုပ်ကြမလဲ။ အဲဒီကိစ္စတွေကို အသေအချာဆွေးနွေး အဖြေရှာ ခွင့်ကို အာဏာရပါတီက လုံးလုံးခွင့်မပြုပဲ လက်နက်နဲ့အတင်း ဖိနှိပ်လာပြီဆိုရင် ကျနော်တို့ရှင်သန်ရေးနဲ့ ရပ်တည်နိုင်ရေးအတွက် ကိုယ့်ကိုယ်ကိုကာကွယ်တဲ့ ခုခံစစ်ကို တိုက်ကြရမှာပဲ။ တခြားလမ်းလည်း ရွေးစရာမရှိတော့ဘူး။

ကျနော်တို့ ပထမ နှုတ်အားဖြင့် တင်ပြကြည့်မယ်။ အာဏာရအစိုးရနဲ့ အသေအချာညှိနှိုင်းချင်ကြောင်း ပြောဆိုမယ်။ အဲဒီ အာဏာရအစိုးရက တင်ပြမှုကို လက်မခံဘူး။ ညှိနှိုင်းမှုကို လက်မခံဘူး။ ပါတီတည်ရှိရေးနဲ့ အဖွဲ့အစည်းတည်ရှိရေးကိုတောင် လက်နက်နဲ့ ခြိမ်းခြောက်လာပြီဆိုရင် ကျနော်တို့ ဘာလုပ်ကြမလဲ။ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့ ခုခံစစ်ကို ဆင်နွှဲရမှာပဲ။ ဒီလိုနဲ့ လွတ်လပ်ရေး သက်တမ်း(၅၈)နှစ်မှာ ပြည်တွင်းစစ်ကလည်း (၅၈)နှစ် ရှည်လျားခဲ့ရတယ်။ ဒါဟာ အလွန်ကြေကွဲဖွယ်ပါပဲ။ ဒီလူတွေအားလုံးဟာ၊ ဒီအမျိုးသားတွေအားလုံးဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲတွေမှာ ပုခုံးချင်း အတူယှဉ်ပြီး တိုက် ခဲ့ကြသူတွေပါ။ ခံတုတ်ကျင်းတခုထဲမှာ ကျောချင်းကပ်ပြီး အတူတွဲတိုက်ခဲ့ရသူတွေပါ။ လွတ်လပ်ရေးရပြီးခါမှ အမျိုးသားညီညွတ်မှုတွေ ပြိုကွဲပြီး ပြည်တွင်းစစ်မီးတွေ တဟုန်းဟုန်းလောင်မြိုက်ခဲ့ရတာပါ။ အမျိုးသား တန်းတူခွင့်နဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်တွေကို အုပ်စိုးသူ အာဏာရ အစိုးရ

အဆက်ဆက်က မပေးခဲ့တဲ့အတွက် ပြည်တွင်းစစ်ကြီးဟာ ကနေ့အထိ ရှည်လျားခဲ့ရတာပါ။

ကျနော်တို့တိုင်းပြည်ထဲမှာ ခြေတစ်ဖက်ပြတ်နေတဲ့လူတွေ၊ လက်တစ်ဖက်ပြတ်နေတဲ့လူတွေ၊ မျက်စေ့တစ်ဖက်လပ်နေတဲ့လူတွေ အများကြီးပဲ။ လယ်ယာမြေတွေမီးလောင်၊ ရွာတွေအိမ်တွေမီးလောင် ဒုက္ခတွေအမျိုးမျိုး ကြုံကြရတယ်။ ရှမ်းအမျိုးသမီးတွေကို နအဖစစ်တပ်က စော်ကားမော်ကား လုပ်ခဲ့တာ၊ တိုင်းရင်းသားဒေသတွေမှာ ရမ်းကားချင်တိုင်းရမ်းကားကြတာ၊ ကချင်အမျိုးသမီးလေးတွေဆိုရင် လူကုန်ကူးခံရတာ၊ တရုတ်ပြည်ကိုတောင် လွန်ပြီး ကိုးရီးယားအထိ ရောင်းစားခံရတာ။ ဒါတွေအားလုံးဟာ တကယ်ဆိုရင် ကျနော်တို့ ညီမ၊ ကျနော်တို့ အမအရင်းတွေပါ။ သူတို့ဘယ်လို ခံစားရမလဲ။ ဒီပြည်တွင်းစစ် (၅၈)နှစ်တာကာလကြီးအတွင်းမှာ ဒုက္ခတွေ အမျိုးမျိုး ကြုံခဲ့ကြရတယ်။

ဒီလိုအခြေအနေဆိုးကြီးကို မြန်မာပြည်သူတွေဟာ ဘယ်လိုမှ ငုံ့မခံခဲ့ကြဘူး။ လူထုကြီးကိုယ်တိုင်က တိုက်ပွဲပုံသဏ္ဍာန် အမျိုးမျိုးနဲ့ ဆန့်ကျင်တိုက်ခိုက်ခဲ့ကြတယ်။ မြန်မာပြည်သူတွေဟာ တိုက်ပွဲနဲ့ တဆက်တစပ်တည်း ဖြစ်တယ်။ (၁၉၆၂) ဗိုလ်နေဝင်း ခေါင်းဆောင်တဲ့ စစ်အုပ်စုက အာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာ တိုက်ပွဲတွေဟာ ပိုစိတ်လာတယ်။ (၁၉၇၀)ကျော် ကာလများမှာ တိုက်ပွဲမရှိတဲ့နှစ် မရှိတော့ဘူး။ (၇၄–၇၅–၇၆) ဆက်တိုက် ဖြစ်ခဲ့တယ်။ (၁၉၈၇)မှာ ငွေစက္ကူတိုက်ပွဲနှင့် (၈၈) လူထုအရေးတော်ပုံကြီး ကြုံခဲ့တယ်။ (၁၉၉၀)မှာတော့ ရွေးကောက်ပွဲပုံသဏ္ဍာန်နဲ့ လူထုဆန္ဒကို ဖော်ပြခဲ့တယ်။ (၉၃–၉၆–၉၈–၉၉–၂၀၀၀)တွေမှာ တိုက်ပွဲတွေဆက်တိုက်ဖြစ်တယ်။ ဒါတွေဟာ လူထုကြီးရဲ့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတွေကို ဘယ်လောက်ဆာလောင်မွတ်သိပ်နေသလဲ ဆိုတာကို ပြသနေတာပဲဖြစ်ပါတယ်။

အပစ်အခတ်ရပ်စဲထားတဲ့ အင်အားစုတွေက နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးဖို့ တောင်းဆိုတဲ့အခါ အမျိုးသားညီလာခံမှာ ဆွေးနွေးပါလို့ နအဖက ဆိုတယ်။ ဒါပေမယ့် တကယ့်တကယ် ညီလာခံအတွင်းမှာ တင်ပြဆွေးနွေးတဲ့အခါမှာတော့ ဘာကိုမှလက်မခံပဲ မှတ်တမ်းတင်ရုံ တင်ထားတဲ့အဆင့်ပဲ လုပ်တယ်။ ပိုဆိုးတာက အမျိုးမျိုးအကြပ်ကိုင်ပြီး၊ ခြိမ်းခြောက်ပြီး လက်နက်ချခိုင်းနေတယ်။ (SSNA)ရဲ့ တပ်ဖွဲ့တချို့ လက်နက်ချလိုက်ရတယ်။ ပလောင်တော်လှန်ရေးအင်အားစုတွေ လက်နက်ချလိုက်ရတယ်။နအဖဟာ တပ်တည်ရှိရေး၊ ပါတီတည်ရှိရေးနှင့် အခြေခံဒေသတည်ရှိရေးတွေကို အမြဲတမ်း ခြိမ်းခြောက်နေတယ်။ အပစ်အခတ်ရပ်ထားတဲ့အင်အားစုတွေဟာ အဲဒီလိုစိန်ခေါ်ချက်တွေအောက်မှာပဲ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို ဆက်လက်တောင်းဆိုနိုင်ရေးအတွက် အားထုတ်ကြရမှာလည်း ဖြစ်ပါတယ်။

ဒီဖက်မှာဆိုရင် (NCUB)အပါအဝင် အဖွဲ့အစည်းအသီးသီးက လွတ်လပ်တန်းတူတဲ့ တွေ့ဆုံဆွေးနွေးရေးနည်းနှင့် အဖြေရှာဖို့ တောက်လျှောက် တောင်းဆိုခဲ့တယ်။ ဒါပေမယ့် စစ်အုပ်စုကတော့ တွေ့ဆုံဆွေးနွေးရေးနည်းက အဖြေကောင်းမထွက်နိုင်ဘူး။ သူတို့ (Road Map)သည်သာလျှင် အကောင်းဆုံးလို့ ခုချိန်ထိအော်ဟစ်နေတုန်းပဲ။ အတွင်း မှာလည်း (NLD) (UNA) (UNLD) (CRPP) (၈၈)ကျောင်းသား ခေါင်းဆောင်များနှင့် ဝါရင့်နိုင်ငံရေး သမားကြီးတွေဟာ တွေ့ဆုံဆွေးနွေး အဖြေရှာဖို့ တောက်လျှောက် တောင်းဆို နေကြပါတယ်။

ကျနော်တို့အနေနဲ့ အတွင်းမှာရှိတဲ့အင်အားစုတွေရော၊ အပြင်မှာရှိတဲ့ အင်အားစုတွေရော ဟန်ချက်ညီညီ အားသွန်ခွန်စိုက် ကြိုးစားကြဖို့လိုတယ်။ ညီလာခံအတွင်းကလူတွေက ညီလာခံအတွင်းမှာ လုပ်လို့ရတဲ့ တိုက်ပွဲပုံသဏ္ဍာန်နဲ့၊ အတွင်းမှာရှိတဲ့ အင်အားစုတွေကလည်း အတွင်းမှာလုပ်လို့ရတဲ့ ပုံသဏ္ဍာန်နဲ့၊ ကျနော်တို့ဘော်ဒါလိုင်းမှာရှိတဲ့ အင်အားစုတွေကလည်း ပိုပြီးလွတ်လပ်တဲ့ ပုံသဏ္ဍာန်နဲ့၊ နိုင်ငံတကာမှာရှိတဲ့ အတိုက်အခံ အင်အားစုတွေကလည်း နိုင်ငံတကာဖိအား ပိုမိုရရှိရေးအတွက် ဆောင်ရွက်နိုင်တဲ့ ပုံသဏ္ဍာန်တွေနဲ့ တက်စုံရွက်စုံ လုံးပမ်းအားထုတ်ကြမယ်ဆိုရင် လာမယ့် (၂၀၀၆)ခုနှစ်ရဲ့ အလားအလာဟာ အများကြီးပိုမိုကောင်းမွန်ပါလိမ့်မယ်လို့ ကျနော့်ထင်မြင်ချက်ကို လွတ်လပ်ရေးနေ့ လက်ဆောင်စကားအဖြစ် တင်ပြရင်း ကျနော့်စကားကို နိဂုံးချုပ်ပါတယ်။ ❑

# ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ်အဖြစ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပ

ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ်အဖြစ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို CPPCR ခေါ် ကလေးသူငယ် အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီက ဦးဆောင်ကျင်းပခဲ့တယ်လို့သိရပါတယ်။ ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့ရှိ စီဒီစီကျောင်း အားကစားကွင်းအတွင်း ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ ထိုအားကစား ပြိုင်ပွဲသို့ လူ့ဘောင်သစ် မူလတန်းကျောင်းမှ ကျောင်းသူကျောင်းသား(၃၀)လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။



ပြိုင်ပွဲတွင် လူ့ဘောင်သစ်ကျောင်းမှ ဘော်လုံးပြိုင်ပွဲတွင် ပထမ၊ ထုတ်ဆီးတိုးနှင့် ပန်းချီပြိုင်ပွဲတွင် ဒုတိယအပါအဝင် ဆုတံဆိပ်မျိုးစုံ (၁၉)ဆုရရှိခဲ့တယ်လို့ ကျောင်းတာဝန်ရှိသူတွေက ပြောပါတယ်။ အဆိုပါ ပြိုင်ပွဲသို့ မဲဆောက်မြို့အနီးဝန်းကျင်ရှိ တရားမဝင်ဖွင့်လှစ်ထားသောကျောင်း ၄၃ ကျောင်းမှ ကျောင်းသားကျောင်းသူ ၅၀၀ ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဘော်လုံး၊ ဘောလီဘော၊ ခြင်းလုံး စသည့် အားကစားနည်းများအပါအဝင် ကာတွန်း၊ ဆောင်းပါး၊ သီချင်း၊ ကဗျာ စသည့် စာပေအနုပညာပြိုင်ပွဲများ စုစုပေါင်း ၁၈ မျိုးခန့်ကျင်းပပေးခဲ့တယ်လို့ ကော်မတီဝင်တဦးဖြစ်သူ ကိုချင်းမှပြောပြပါတယ်။

မဲဆောက်မြို့အနီးဝန်းကျင်မှာ တရားမဝင်မြန်မာအလုပ်သမား (၈၀၀၀၀)ကျော်အလုပ်လုပ်ကိုင် နေထိုင်လျှက်ရှိပြီး ကလေးသူငယ် (၁၀၀၀၀)ခန့် ရှိတယ်လို့သိရှိရပါတယ်။ အဆိုပါ ကျောင်းများတွင် ကလေးသူငယ်ပေါင်း (၄၀၀၀)ကျော် စာသင်ကြားနေပြီး ကျန်ကလေးငယ် (၆၀၀၀)ကျော်မှာ အခက်အခဲအမျိုးမျိုးကြောင့် စာသင်ကြားနိုင်ခြင်း မရှိကြောင်းလည်း သိရှိရပါတယ်။ ■

# စီးပွားရေးပူးပေါင်းမှုအခြေခံနောက်က ၂၁ရာစု အာရှစုစည်းမှု

**သံဒိုင်းဇေ**

ကမ္ဘောဒီးယားတောင်ပိုင်း တချိန်က အင်မတန် ဝရုန်းသုန်းကားဆန်ခဲ့တဲ့ ဝေးသီခေါင်ခိုက်လှတဲ့ ကျေးလက်ဒေသတွေကိုဖြတ်ပြီး ဗီယက်နမ်နဲ့ဆက်သွယ် ထားတဲ့ လမ်းကြမ်းတခုဟာ အခုတော့ပြောင်းလဲမှုတွေ ဖြစ်နေပါပြီ။ အဆင်ပြေ ချောမွေ့တဲ့ ချောပြောင်နေတဲ့ အဝေးပြေးလမ်းမကြီးတခုက ဒီနေ့မှာတော့ အိမ်နီးချင်း နိုင်ငံနှစ်ခုကို ဆက်သွယ်ပေါင်းကူးပေးထားသလို စီးပွားရေးလုပ်ငန်း တွေကလည်း အဲ့ဒီလမ်းမကြီးတလျှောက်မှာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက် လျှက်ရှိပါတယ်။

ယခင်အတိတ်က မဖွံ့ဖြိုးခဲ့တဲ့ စွန့်ပစ်ခဲ့တဲ့ နယ်စပ်စခန်းတွေမှာလည်း ခရီးသည်တွေကို ကြိုဆိုဖို့ သစ်လွင်တောက်ပနေတဲ့ အခင်းအကျင်းတွေ တည်ဆောက်လျှက်ရှိပါတယ်။ နှစ်ဖက်တာဝန်ခံအရာရှိတွေ ကလည်း အကောက် ခွန်ဆိုင်ရာအရေးတွေ၊ ပြည်ဝင်ခွင့်ဆိုင်ရာကိစ္စတွေ ရှင်းလင်းဖို့ လုပ်ဆောင်နေကြပြီး လူနဲ့ ကုန်ပစ္စည်းလမ်းကြောင်းတွေ ချောချောမွေ့မွေ့ စီးဆင်းဖြတ်သန်းဖို့ ဆောင်ရွက်နေပါတယ်။ နောက်ပြီး ခေတ်မီ ခရီးသည်တင်ဘတ်စ်ကားကြီးတွေကလည်း ဒေသတွင်းကရော၊ နိုင်ငံတကာကပါ ရောက်လာတော့မယ့် ခရီးသည်တွေကြောင့် အစွန်းအမြတ်တွေ ရရှိဖို့ တာဆူနေသလို ဖြစ်နေပါတယ်။

ဒါဟာ အာရှဒေသတဝှမ်းမှာ ဖြစ်ပေါ်နေတဲ့ တိုးတက်ပြောင်းလဲနေတဲ့ အထဲက ဥဒဟာရဏ် တခုလို့ ဆိုရပါမယ်။ နိုင်ငံတိုင်းဟာ အကျိုးတူ စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ နည်းလမ်းပေါင်းစုံနဲ့ အစွမ်းကုန် လုပ်ဆောင်လျှက် ရှိပါတယ်။ ဒီလိုနဲ့ လမ်းတွေဖောက်၊ တံတားတွေဆောက်နေကြသလို လွတ်လပ်စွာ ကူးသန်း ရောင်းဝယ်ရေး သဘောတူညီချက်တွေကိုလည်း ချုပ်ဆိုနေကြပါတယ်။

ဒီလို စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ စုစည်းအကောင်ထည်ဖော်မှု ဖြစ်စဉ်ကြီးဟာ အာရှဒေသထဲမှာ နေထိုင်နေတဲ့ လူတွေအားလုံးအတွက်ကတော့ မခန့်မှန်းနိုင်တဲ့၊ ပြောပြလို့မရနိုင်တဲ့၊ ယခင်ကမရှိခဲ့ဘူးတဲ့ အခွင့်အလမ်း သစ်တွေကိုပါ တပါတည်း သယ်ဆောင်လာခဲ့ပါတယ်။

လူဦးရေများပြားလှတဲ့ အာရှတိုက်ကြီး ကောင်းမွန်တိုးတက်နေလာ တာဟာ ကမ္ဘာကြီးကောင်းမွန် တိုးတက်လာတယ်လို့ အဓိပ္ပါယ်ဖွင့်ရမလို ဖြစ်နေပါတယ်။

ကြီးမားလှတဲ့ လူသားနဲ့ သဘာဝအရင်းအမြစ်တွေကို အသုံးချနိုင်တဲ့ အခွင့်အလမ်းတွေပြည့်ဝနေတဲ့ အာရှစီးပွားရေးဟာ ဘယ်လိုမှ နှိုင်းယှဉ်ပြလို့ မရနိုင်တဲ့နှုန်းနဲ့ တိုးတက်လာခဲ့ပါပြီ။ ၂၀၀၄ခုနှစ် ဖွံ့ဖြိုးဆဲ အာရှဒေသတခုလုံးရဲ့ တိုးတက်မှုဟာ ရာခိုင်နှုန်း ၇ ဒသမ ၄ထိရှိခဲ့ပါတယ်။ အခုလို အင်နဲ့အားနဲ့ တိုးတက် နေတာကြောင့် သန်းပေါင်းရာနဲ့ချီတဲ့ လူသားတွေကို ဆင်းရဲမွဲတေမှု ကနေ ရုန်းထွက်နိုင်စေခဲ့ပါတယ်။

၁၉၉၀ နဲ့ ၂၀၀၃ ခုနှစ်အတွင်းမှာ အာရှနဲ့ ပစိဖိတ်ဒေသတွင်းက တရက် တဒေါ်လာထက်နည်းတဲ့ ဝင်ငွေနဲ့ အသက်ရှင်နေထိုင်ခဲ့ရတဲ့ လူဦးရေ အရည် အတွက်ဟာ သုံးပုံ တပုံနီးပါးထိ လျှော့ကျခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒေသတခုလုံးမှာ တဦးချင်းဝင်ငွေဆိုင်ရာနဲ့ နေထိုင်မှု အဆင့်အတန်းဆိုင်ရာတွေကလည်း အကြီးအကျယ် မတူကွဲပြားမှုတွေရှိနေပြီး ကွာဟချက်တွေကလည်း ကြီးမားနေဆဲဖြစ်ပါတယ်။ ကမ္ဘာ့ အဆင်းရဲ ဆုံး လူဦးရေရဲ့ သုံးပုံနှစ်ပုံကျော်ဟာ ဖွံ့ဖြိုးဆဲအာရှဒေသထဲမှာဘဲ အသက်ရှင် နေထိုင်ကြတာပါ။ ဒါဟာ အရည် အတွက် ကိန်ဂဏန်းအားဖြင့် သန်းပေါင်း (၆၂၀)တောင်ရှိပါတယ်။ တနေ့ တဒေါ်လာအောက်မှာ အသက်ရှင် နေရတဲ့ သူများဖြစ်ပါတယ်။ တနေ့ နှစ်ဒေါ်လာအောက် အသက်ရှင်နေရသူတွေကို တွက်ရင်တော့ (၁ ဒသမ

---

**ကမ္ဘာ့အဆင်းရဲဆုံး လူဦးရေရဲ့ သုံးပုံနှစ်ပုံကျော်ဟာ ဖွံ့ဖြိုးဆဲ အာရှဒေသထဲမှာဘဲ အသက်ရှင် နေထိုင်ကြတာပါ။ ဒါဟာ အရည်အတွက် ကိန်ဂဏန်းအားဖြင့် သန်းပေါင်း (၆၂၀)တောင်ရှိပါတယ်။ တနေ့ တဒေါ်လာအောက်မှာ အသက်ရှင်နေရတဲ့ သူများဖြစ်ပါတယ်။**

> **လူသားဆိုင်ရာအရင်းအမြစ်၊**
> **စီးပွားရေးစီမံခန့်ခွဲမှု၊**
> **လွတ်လပ်မှုနဲ့ နိုင်ငံရေးအခြေအနေ**
> **တည်ငြိမ်မှုစတဲ့**
> **အခြေအနေတွေက**
> **မြန်မာနိုင်ငံဟာ**
> **အောက်ဆုံးတန်းအဆင့်ကနေ…**

၉) ဘီလီယံတောင် ရှိပါတယ်။ ဒီလူတွေဟာ အင်မတန်ဆင်းရဲမွဲတေလှတဲ့သူတွေဖြစ်ပါတယ်။ ဒီလိုဖြစ်နေတာဟာ တကယ့်ကို ဘယ်လိုမှ လက်ခံနိုင်ဖွယ်မရှိပါဘူး။

လူသားတွေအတွက် ဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ ဆင်းရဲမွဲတေမှုက လွတ်မြောက်ဖို့ အဓိကအရေးကြီးတဲ့အချက်ဟာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ စုစည်းညီညွတ်မှုအပေါ်မှာ မူတည်နေပြန်ပါတယ်။ ဒါမှသာ ဒေသတွင်းက ဆင်းရဲမွဲတေမှုကို နည်းပါးအောင်ဆောင်ရွက်ရာမှာနဲ့ ဒေသတွင်းတည်းတည်ငြိမ်မှုကိုပါ တပါတည်း အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ စီးပွားရေးလုပ်ငန်းတွေ စွမ်းဆောင်နိုင်ဖို့ အခင်းအကျင်း အသစ်တွေတိုးမြင့်ဖြစ်ပေါ်လာနိုင်သလို အာရှဒေသထဲကသာမက ကမ္ဘာတလွှားက ရင်းနှီးမြှုတ်နှံမယ့်သူတွေအတွက် အခွင့်အလန်းအသစ်တွေကို ထပ်ဆင့်တွန်းအားပေးသလို ဖြစ်လာနိုင်ပါတယ်။

ဥရောပနဲ့ ယှဉ်မယ်ဆိုရင်တော့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ကိစ္စမှာ အာရှဒေသဟာ တကဲ့ကို အခုမှစလုပ်နေရတဲ့ လူသစ်တန်းအဆင့်မှာဘဲ ရှိနေပါသေးတယ်။ ၁၉၉၇ အာရှအကြပ်အတည်း မတိုင်မီက ဒေသတွင်း စီးပွားရေးဆိုင်ရာစုစည်းမှုတွေကတော့ အဓိကအားဖြင့် ဈေးကွက်က ဦးဆောင်ခဲ့ပြီး ပုဂ္ဂလိကပိုင်းဆိုင်ရာ အခန်းကဏ္ဍကသာ မောင်းနှင်ခဲ့တာ ဖြစ်ပါတယ်။

၁၉၉၇ နောက်ပိုင်းမှာတော့ ဈေးကွက်ဦးဆောင်တဲ့ စီးပွားရေးစုစည်းမှုဖြစ်စဉ်ကြီးကို အာရှဒေသတွင်းမှာရှိတဲ့ အစိုးရတွေကိုယ်တိုင်က တဆင့်ပြီးတဆင့် ထောက်ခံပံ့ပိုးပြီး လိုအပ်တဲ့ အားပေးကူညီမှုတွေ လုပ်ဆောင်လာကြပါတယ်။ ဒီလိုနဲ့ တပြိုင်နက်တည်းမှာဘဲ ပူးပေါင်းဆောင်ရွက်မှုတွေဟာ ဒီနေ့မှာတော့ ပထဝီအကျယ်အဝန်းအတိုင်းအတာနဲ့ကြည့်မယ်ဆိုရင် ဒေသဆိုင်ရာအပိုင်းအခြားအားလုံးကိုဖြတ်ပြီး တိုးမြင့်လာနေခဲ့ပါပြီ။

ဥပမာအနေနဲ့ ပြောရရင် မဟာမဲခေါင်ဒေသဆိုင်ရာ နိုင်ငံများ အစုအစည်းဟာ သူ့ရဲ့ဒေသတွင်းပြည်သူတွေ၊ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုဆိုင်ရာကိစ္စတွေမှာ နယ်ချယ်ဖြတ်ကျော်ခွင့်များ အစဉ်ပြေချောမွေ့စေရေးအပြင် ဥပဒေပိုင်းဆိုင်ရာနဲ့ ကျင့်သုံးလိုက်နာရမယ့် အခြေခံစည်းမျဉ်း စည်းကမ်းတွေ ချမှတ်နိုင်ရေး၊ ပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်တွေအထိ တိုးချဲ့လာနေခဲ့ပါပြီ။ ဒီမဲခေါင်ဒေသဆိုတာ တကယ့်အခြေခံအားကောင်းတဲ့ ဒေသအမှတ်သင်္ကေတတခုအဖြစ် ပေါ်ထွက်လာနေသလို ကမ္ဘာလုံးဆိုင်ရာနဲ့ ကြည့်မယ်ဆိုရင်လည်း အလျှင်အမြန် ဖွံ့ဖြိုးတိုးတက်နေတဲ့ ဒေသတခုအဖြစ် အသိအမှတ်ပြုကြပါတယ်။

အလားတူ အိမ်နီးချင်းနိုင်ငံတွေရဲ့ စုဆုံကြိုးပမ်းမှုမျိုးတွေကို တောင်အာရှနဲ့ အလယ်အာရှဒေသတွေမှာလည်း လုပ်ဆောင်နေကြပါတယ်။ ပထဝီသဘောအရ အလယ်အာရှဟာ တကဲ့ကုန်းတွင်းပိတ်ဖြစ်နေပြီး တောင်အာရှဒေသကတော့ ပင်လယ်ဆိပ်ကမ်းတွေ တည်ရှိပါတယ်။ အခုတော့ အဲဒီဒေသကြီးနှစ်ခုဟာ အာဖဂ္ဂန်နစ္စတန်ကိုဖြတ်ပြီး ဆက်သွယ်ဖို့ ကြိုးစားနေကြပါတယ်။

အခုလို ကုန်ပစ္စည်းနဲ့ ရင်းနှီးမြှုတ်နှံမှုတွေ လွတ်လွတ်လပ်လပ် စီးဆင်းရင်း၊ တူညီတဲ့အရင်းအမြစ်တွေကို မျှဝေဖို့ တစုတစည်း ကြိုးစား ဆောင်ရွက်နေကြတာတွေဟာ စီးပွားရေးဆိုင်ရာစုစည်းစုဖွဲ့မှုတခုဖြစ်ပေါ်လာဖို့ အာရှဒေသတခုလုံးကို တွန်းပို့နေသလိုဖြစ်နေပါတယ်။

ဒါပေမယ့် အဲဒီအခြေအနေအမှန်တကယ်ရောက်လာဖို့ အာရှသားတွေ ဘယ်လောက်လျှောက်လှမ်းရပါအုံးမလဲ။ ဘယ်ပုံစံ စုစည်းမှုမျိုး လုပ်ချင်ကြတာလဲ။ စသဖြင့် မေးခွန်းထုတ်စရာတွေ ရှိနေပါသေးတယ်။
ဥရောပဒေသ စုစည်းဖွဲ့စည်းမှုမျိုးကဲ့သို့ အာရှဒေသကြီးရဲ့ ဦးတည်ချက်ဟာ နောက်ဆုံး တခုတည်းသော အာရှငွေကြေးစနစ် လက်ခံရေးအထိများ ဖြစ်သွားနိုင်ပါသလား။ ဒါမှမဟုတ် မြောက်အမေရိကရဲ့ လွတ်လပ်တဲ့ စီးပွားရေးပုံစံ (North America Free Trade Area)ကဲ့သို့ ကြီးမား ကျယ်ပြန့်တဲ့ လွတ်လပ်တဲ့ ကုန်သွယ်ရေးဇုန်တခုကို ဖော်ထုတ်မှာလား။ ဒါမှမဟုတ် ဥရောပပုံစံရော မြောက်အမေရိကပုံစံ နှစ်ခုစလုံးကို ရောယှက် ထားတဲ့ ကိုယ်ပိုင်ဟန်ရှိတဲ့ စီးပွားရေးစုစည်းမှုမျိုးကို ဖော်ထုတ်မလားဆိုတာပါဘဲ။

ဒီမေးခွန်းတွေကို ဖြေရှင်းဖို့ဆိုရင်တော့ အာရှနိုင်ငံသားတွေအနေနဲ့ နောက်လာမယ့် ၂၅ နှစ်မှာ ဘယ်အခြေအနေဆိုက်ရောက်ရမယ်ဆိုတဲ့ ရှင်းလင်းတဲ့ ရေရှည်အမြင်ရှိဖို့ မလွှဲမသွေလိုအပ်နေပါတယ်။

အာရှစုစည်းမှုဟာ (NAFTA)လို လွတ်လပ်တဲ့ ကုန်သွယ်ရေးနယ်ပုံစံ၊ သို့မဟုတ် ဥရောပစီးပွားရေးသမဂ္ဂပုံစံ သို့မဟုတ် ကိုယ်ပိုင်ဖော်ထုတ်မယ့် ပုံစံသစ် စသဖြင့် ဘယ်ပုံစံကိုဘဲ ကျင့်သုံး၊ ကျင့်သုံး စိန်ခေါ်မှုတွေကတော့ အများကြီး ရှိနေပါတယ်။ တဦးချင်းဝင်ငွေဆိုင်ရာ ကွာဟချက်ကြီးမားနေတာတွေ၊ စီးပွားရေးအဆောက်အဦးနဲ့ လူသားအရင်းအမြစ်ဆိုင်ရာ စွမ်းဆောင်နိုင်မှုနယ်ပယ်မှာ နက်နက်ရှိုင်းရှိုင်း မတူကွဲပြားနေကြတာတွေ အပါအဝင် အာရှဒေသတွင်းက နိုင်ငံတွေရဲ့ အုပ်ချုပ်မှုပုံစံ မတူညီမှုတွေ စတဲ့ အခြေအနေတွေကြောင့်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့် အမှန်တကယ် ဒေသဆိုင်ရာစုစည်းမှုကို တွန်းတွန်းတိုက်တိုက် လုပ်ဆောင်ကြဖို့ဆိုရင် အထက်ကဖော်ပြခဲ့တဲ့ ပြဿနာတွေကို သေသေချာချာ ဆွေးနွေးအဖြေရှာကြရမှာလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ အခြေခံပြင်ဆင်မှုတွေ လုပ်ဆောင်ကြဖို့အတွက် သင့်တင့်မျှတဲ့အချိန်နဲ့ စွမ်းဆောင်နိုင်မှုအနေအထားတွေကိုလည်း တွက်ချက်ရပါလိမ့်အုံးမယ်။

ဒါကြောင့် အာရှဒေသဟာ နောက်ဆုံးတနေ့မှာတော့ တခုတည်းသော ငွေကြေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ မကျင့်သုံးသည်ဖြစ်စေ၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ စုစည်းဖွဲ့စည်းမှုတွေကိုတော့ မလွှဲမသွေ လုပ်ဆောင်ဖို့လိုအပ်နေသလို ဒီလုပ်ဆောင်မှုတွေကြောင့်လည်း အာရှသားတွေကို ကြီးမားတဲ့ အကျိုးအမြတ်တွေကို ရရှိစေမှာ ဖြစ်ပါတယ်။

လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆက်လက်ထိမ်းသိမ်းထားနိုင်ဖို့ဆိုတာကလည်း ပူးပေါင်းဆောင်ရွက်မှုနဲ့ စုစည်းဖွဲ့စည်းမှုတွေလုပ်ဆောင်နိုင်မှုကသာ အင်မတန်အခရာကျတဲ့အချက်ဖြစ်ကြောင်း ထောက်ခံပြောဆိုကြပါတယ်။

အခုလို အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာနေတဲ့ ဒေသတခုလုံးဆိုင်ရာ အခင်းအကျင်းအောက်မှာ သက်ဆိုင်ရာ နိုင်ငံတွေအားလုံး၊ အစိုးရ အားလုံးဟာ ပြုပြင်ပြောင်းလဲမှုတွေ မလွှဲမသွေလုပ်ဆောင်ဖို့လိုအပ်လာပါတယ်။ ဒါပေမဲ့ ညောင်နှစ်ပင်၊ လမ်းပြမြေပုံကိုသာအသေဆွဲကိုင်ထားတဲ့ မြန်မာနိုင်ငံက လက်ရှိအာဏာရယူထားတဲ့ စစ်အာဏာရှင်တွေအနေအထားနဲ့ကတော့ အလုပ်မဖြစ်နိုင်ပါဘူး။ လူသားဆိုင်ရာအရင်းအမြစ်၊ စီးပွားရေးစီမံခန့်ခွဲမှု၊

လွတ်လပ်မှုနဲ့ နိုင်ငံရေးအခြေအနေတည်ငြိမ်မှုစတဲ့ အခြေအနေတွေက မြန်မာနိုင်ငံဟာ အောက်ဆုံးတန်းအဆင့်ကနေ ရုန်းထွက်ဖို့ လမ်းမရှိကြောင်း ညွှန်းဆိုနေသလိုဖြစ်နေပါတယ်။

ဒါကြောင့် ဒေသတွင်းက စီးပွားရေးတန်ခိုးအာဏာခွန်အား ကြီးမားလာနေကြတဲ့ ကျားတွေ၊ နဂါးတွေအလယ်မှာ မြန်မာနိုင်ငံဟာ တနေ့တခြား သိန်လှီသေးကြုံလာတဲ့ ကိုယ်ခံအားမဲ့ သိုးမဲတကောင်လိုဖြစ်နေရတဲ့အတွက် အင်မတန် စိုးရိမ်ဖွယ်ရာဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။

*၁၇း၃၇ နာရီ*
*၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၁ ရက်*

**စာကိုး ။** ။ Towards a Commom Currency: Uniting Asia through Trade by HARUHIKO KURODA; RD December 2005

- What Will the East Asia Summit Accomplish?

## အရှေ့အာရှ ထိပ်သီးညီလာခံ (East Asia Summit)အပေါ် နဂါးနှင့် ကျားတို့၏အမြင်များ

၂၀၀၅ ဒီဇင်ဘာ မလေးရှားကွာလာလမ်ပူမှာကျင်းပတဲ့ အာရှ ၁၆ နိုင်ငံကခေါင်းဆောင်တွေ စုစည်းမှုကနေ ခိုင်မာတိကျတဲ့ ရေရှည်သဘောတူညီချက်တွေချမှတ်ဖို့ အခက်အခဲတွေရှိနေတာကို စင်္ကာပူတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ဌာနရဲ့ အတွင်းရေးမှူး အဲရစ်တီအို ကအခုလိုကောက်ချက်ပေးပါတယ်။ အာရှခေါင်းဆောင်တွေဟာ အိပ်ယာတခုတည်းပေါ်မှာ အတူတူအိပ်ချင်ကြပေမဲ့ တူညီတဲ့အိမ်မက်တခု မရှိဘဲဖြစ်နေပါတယ်။ ဆိုလိုတာက တီးလုံးတခုတည်းအောက်မှာ ကကြိုးကကွက်တွေက ပုံစံမတူ ကိုယ့်မူကိုယ်ဟန်တသီးတသန့်ဖြစ်နေကြပြီး ညီညာမှုမရှိသေးပါဘူး။

လက်ရှိ (၁၀)နိုင်ငံ အာစီယံ စုစည်းမှုအခြေအနေကနေ နောက်ထပ်အဖွဲ့အသစ်တွေ တိုးချဲ့လက်ခံဖို့ ဆုံးဖြတ်ချက်တွေ၊ အားလုံးလိုက်ပါနိုင်မဲ့ အခြေအနေတွေ၊ တူညီတဲ့ အဆင့်အတန်းနဲ့ အာစီယံအပြင် တရုပ်၊ ဂျပန်၊ တောင်ကိုးရီးယား၊ အိန္ဒိယ၊ နယူးဇီလန်အပြင် ဩစတြေးလျနိုင်ငံတို့ကိုပါ အခြေခံအင်အားတွေအဖြစ် ထည့်သွင်းဖိတ်ခေါ်ဖို့ တောင်းဆိုနေပါတယ်။

ဒါကြောင့် အရှေ့အာရှထိပ်သီးညီလာခံအပေါ် စင်္ကာပူ ဝန်ကြီးချုပ်ဟောင်း ဂိုချုပ်တောင်ကတော့ အရှေ့အာရှထိပ်သီးဆွေးနွေးပွဲဆိုတာ အကျယ်ပြန့်ဆုံးနဲ့ ဖြစ်နိုင်ခြေအရှိဆုံး ဒေသတွင်းနိုင်ငံတွေအားလုံးရဲ့ စုဆုံချက်ဖြစ်သလို မတူကွဲပြားတဲ့ အကြောင်းအရာတွေကို အများအပြားကိုင်တွယ်ဖြေရှင်းရမယ့် အနေအထားဖြစ်တယ်လို့ ဆိုပါတယ်။

> **ဒီစုစည်းမှုဟာ တကဲ့အရှိန်အဟုန်ကြီးတဲ့ သင်္ကေတတခုဖြစ်ပြီး ဒေသတွင်းနိုင်ငံတွေကြားမှာ နားလည် ယုံကြည်မှုတွေ တိုးမြှင့်လာနေတာကို ပြဆိုနေပါတယ်လို့...**

ဒီနေရာမှာ အာရှဒေသတွင်းက နိုင်ငံကြီးတွေရဲ့ အစည်းအဝေးအပေါ် သူတို့ရဲ့ နောက်ခံစဉ်းစားချက်၊ ရည်ရွယ်ချက်တွေ ကွဲပြားနေတာကို အောက်ပါ အတိုင်း မြင်တွေ့ရပါသတဲ့။

တရုပ်ကတော့ ဒေသတွင်းမှာရှိတဲ့ အမေရိကန်ရဲ့ ဩဇာအာဏာကို ယှဉ်ပြိုင်ဖယ်ရှားနိုင်ဖို့ ကြိုးစားနေစဉ်မှာ အာစီယံကို တရုပ်၊ တောင်ကိုးရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်နဲ့ အိန္ဒိယတို့ကိုပါ ပူးပေါင်းပါဝင်စေချင်တဲ့ သဘောဖြစ်ပါတယ်။

အင်ဒိုနီးရှားကတော့ တချိန်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၊ စုစည်းမှုတည်ဆောက်တဲ့အထဲမှာ ရရှိခဲ့ဘူးတဲ့ တချိန်က သူ့ရဲ့ ဩဇာအာဏာနဲ့ ဂုဏ်သိက္ခာကို ပြန်လည်ရရှိဖို့ အရှေ့အာရှစုစည်းမှုအပေါ် သဘောထားမျှော်လင့်နေပုံဖြစ်နေပါတယ်။

အိန္ဒိယကတော့ ဖြစ်ပေါ်လာမယ့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်တွေ လက်လွတ်မဆုံးရှုံးရေးဆိုတဲ့ ရည်ရွယ်ချက်အပေါ်မှာ အခိုင်အမာရပ်တည်ရင်း အာရှစုဖွဲ့မှုမှာ သူရဲ့ ခြေလှမ်းတွေ နောက်မကျမိဖို့ ကြိုးစားနေသလို ဖြစ်နေပါသတဲ့။

ဂျပန်ကတော့ ဒေသတွင်းစုဖွဲ့မှုတွေထဲမှာ အမေရိကန်ရဲ့ အခန်းကဏ္ဍအရေးကြီးတာကို ဆက်လက်ဆွဲကိုင်ထားဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအီဇူမိရဲ့ ရာဇဝင်ဆိုင်ရာ ယာသုကူနီဘုရားကျောင်းကို သွားရောက်ဂါရဝပြုမှုကတော့ ဒေသတွင်းက တခြားအဖွဲ့ဝင်ရဲ့ မကျေနပ်မှုတွေကို နှိုးဆွပေးနေသလိုဖြစ်နေပါတယ်။

မလေးရှားရဲ့ မျှော်မှန်းချက်ကတော့ ဒီစုဖွဲ့မှုဟာ သူ့နိုင်ငံအတွက် တကယ့်ပြရုပ်ကောင်းတခုအဖြစ် သဘောထားပြီး စုဖွဲ့မှုအသစ်တွေ ဖော်ထုတ်မယ်ဆိုရင် မလေးရှားဟာ အားလုံးရဲ့ဆုံချက်အဖြစ် ဖြစ်ပေါ်လာဖို့ ဆန္ဒပြင်းပြနေတဲ့ သဘောဖြစ်နေပါတယ်။

တောင်ကိုးရီးယားကတော့ အင်အားကြီးမားလာနေတဲ့ အာရှကျားတွေ၊ နဂါးတွေနဲ့ အမေရိကန် တို့ကြားက ဖြန်ဖြေရေးသမား ပွဲစားတဦးအနေနဲ့ လိုက်ပါဖို့ တာဆူနေပါတယ်။

စင်္ကာပူကတော့ စီးပွားကုန်သွယ်မှုတွေ ပူးပေါင်းဆောင်ရွက်၊ စုစည်းမှုဆိုတာတွေဟာ အင်မတန်အရေးကြီးတဲ့ လိုအပ်ချက်အဖြစ် ခံယူလက်ခံကျင့်သုံးနေပေမယ့် တက်ကြွမှုကတော့ အားနည်းနေပါတယ်။ စိတ်မသက်မသာ ဖြစ်နေတဲ့ သဘောလို့တောင် ဆိုနိုင်ပါသတဲ့။

စုဖွဲ့မှုအပေါ် ဩစတြေးလျရဲ့အမြင်ကတော့ သူ့ကိုဖိတ်ကြားတဲ့အတွက် အားတက်သရောလက်ခံကြိုဆိုနိုင်သလို နောက်ဆုံးမှာ အိမ်နီးချင်း အာရှနိုင်ငံတွေရဲ့ အရေးကြီးတဲ့ မိတ်ဆွေကောင်းလက်တွဲဖော်နိုင်ငံတခုအဖြစ် အသိမှတ်ပြု ခံရသလို သဘောထားပါတယ်။

ဒါကြောင့် အဲဒီလိုမတူကွဲပြားတဲ့ နောက်ခံမျှော်မှန်းချက်တွေ ရှိနေတယ်လို့ ဆိုခြင်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီစုစည်းမှုဟာ တကဲ့အရှိန်အဟုန်ကြီးတဲ့ သင်္ကေတတခုဖြစ်ပြီး ဒေသတွင်းနိုင်ငံတွေကြားမှာ နားလည်ယုံကြည်မှုတွေ တိုးမြှင့်လာနေတာကို ပြဆိုနေပါတယ်လို့ မလေးရှားဝန်ကြီးချုပ် အက်ဘဒူလာ ဘာဒါဝီက ဆိုပါတယ်။

ဒီနေရာမှာ ဒေသတွင်း တည်ငြိမ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးရေးတွေဟာ အရေးကြီးတယ်လို့ ခံယူထားပါတယ်ဆိုတဲ့ တရုပ်ရဲ့ သဘောထားကိုလည်း အရေးတကြီး ထည့်သွင်းစဉ်းစားနေရပါတယ်။

ဘာတွေဘဲ ဖြစ်နေ၊ ဖြစ်နေ၊ ဘယ်လိုဘဲဖြစ်လာ၊ ဖြစ်လာ၊ အခုဆိုရင် ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်ကြီးကို ကျနော်တို့အားလုံး စတင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒီစုစည်းမှုဖြစ်စဉ်ကြီးဟာ ဘယ်လိုမှ နောက်ပြန်လှည့်လို့ မရတော့ဘူးဆိုတာကတော့ အားလုံးလက်ခံထားဖို့ လိုပါသတဲ့။

တရုပ်နိုင်ငံခြားရေးကော်မတီ ဒုတိယဥက္ကဌ ဝမ်ယင်ဖန်ရဲ့ ကောက်ချက်ဖြစ်ပါကြောင်းတင်ပြလိုက်ပါတယ်။

**သံဒိုင်းဖေ**

*၁၀း၄၁နာရီ*
*၂၀၀၆ ခုနှစ် ဇန်နဝါရီလ (၁၄)ရက်*

# (နအဖ)စစ်အစိုးရကို စေ့စပ်ညှိနှိုင်းရေးစားပွဲ ရောက်လာအောင် ဘယ်လိုတွန်းပို့ကြမလဲ

– ၁ –

ဒါက လက်တွေ့လုပ်ရပ်နဲ့အဖြေပေးရမယ့် ကိစ္စပဲလို့ယူဆတယ်။ နည်းလမ်းတစ်ခုထဲနဲ့ဖြစ်မြောက်နိုင်မယ့် အလုပ်လည်း မဟုတ်ဘူး၊ အင်အားစုတစ်ခုထဲက ဆောင်ရွက်အကောင်အထည်ဖော်ရမယ့်ကိစ္စလည်း မဟုတ်ဘူး။ ပြည်တွင်းပြည်ပ၊ ဥပဒေတွင်း ဥပဒေပ အင်အားစုအသီးသီးက နည်းလမ်းပေါင်းစုံနဲ့ဆောင်ရွက်မှ ဖြစ်ပေါ်လာမယ့် ကိစ္စဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်ရဲ့ လက်တွေ့လုပ်ငန်းစဉ် ဖြစ်ပါတယ်။

ဒီကိစ္စကိုပဲ အခုလောလောဆယ်မှာ သန်ရာသန်ရာချဉ်းကပ်မှုတွေ တင်ပြနေကြတယ်။ နည်းလမ်းအသွယ်သွယ်ကို တင် ပြနေကြရမှာပဲဖြစ်တယ်။ ပြီးတော့ တင်ပြသမျှနည်းလမ်းတိုင်းလက်တွေ့ ဆောင်ရွက်ဖို့ဖြစ်နိုင်/ မဖြစ်နိုင် ဆိုတာကိုတော့ လေ့လာမှုရှိရှိ ဝေဘန်ဆန်းစစ်ကြရမှာပဲဖြစ်တယ်။ ဆွေးနွေးငြင်းခုန်ကြရမှာဖြစ်တယ်။

စေ့စပ်ညှိနှိုင်းရေးစားပွဲရောက်လာဖို့ အဆိုပြုတင်ပြချက်မှန်သမျှကို ပထမလေ့လာမယ်၊ ပြီးရင် အကျိုးသင့်အကြောင်းသင့် ကျနော်တို့ ယူဆချက်ကို ပြောမယ်ဆိုတာပဲဖြစ်ပါတယ်။ တပြိုင်နက်ထဲမှာ ကျနော်တို့ရဲ့ အဆိုပြုချက်ကို တင်ပြဆွေးနွေးမယ် ဆို တာပဲ ဖြစ်ပါတယ်။

တချို့ကဒီလိုပြောနေကြတယ်။

– (နအဖ)စစ်အစိုးရဘက်က တကယ်ဘာဖြစ်ချင်တာလဲ/ ဘာလုပ်ချင်တာလဲ ဆိုတာကို တိတိကျကျ ရေရေရာရာ သိနိုင်ဖို့လိုတယ်။ (တချို့ကတော့ ဒီချုပ်က ဘာဖြစ်ချင်သလဲဆိုတာ တိတိကျကျပြောရမယ်လို့ဆိုတယ်)

– ကြားဝင်ပေးတဲလူလိုအပ်တယ်။ ကြားဝင်ပေးတဲ့ လူက အကောင်သေးသေးမရဘူး၊ အာဆီယံထဲက သူလိုကိုယ်လိုထဲကတော့မဖြစ်ဘူး၊ (နအဖ)စစ်အစိုးရအပေါ်သြဇာညောင်းတဲ့လူဖြစ်ရမယ်။ (ဥပမာ –ကုလတွင်းမှူးချုပ်/ အမေရိ ကန်ဆီးနိတာ/အီးယူနိုင်ငံခြားရေးဝန်ကြီး)

– Personal Level က သွားဖို့လိုအပ်တယ်။

– တိတ်တဆိတ်နိုင်ငံရေးနည်း(Silence politics)နဲ့ဆောင်ရွက်ရမယ်။

– ၂ –

ကျနော့်အမြင်ပြောရရင် အခုအဆိုပြုထားတဲ့ နည်းလမ်းကပြည်ပဖိအား(အကောင်ကြီးကြီးဖိအား)ကို အသုံးပြုဖို့ အဓိကထားတဲ့ နည်းလမ်းဖြစ်ပါတယ်။

စစ်အစိုးရဘာဖြစ်ချင်သလဲ ဘာလုပ်ချင်သလဲဆိုတာကတော့ ရှင်းရှင်းကလေးပါ။ **သိမ်းပိုက်ထားတဲ့ နိုင်ငံရေးအာဏာကို လက်မလွှတ်ရေးဖြစ်ပါတယ်။** စစ်အုပ်စုသားစဉ်မြေးဆက် ဆုပ်ကိုင်ထားနိုင်ဖို့ ပြင်ဆင်ကြိုးပမ်းနေတယ်။ ဒါကို သူတို့လုပ်ရပ်တွေက တိတိကျကျဖော်ပြနေပါတယ်။ သူတို့လုပ်ကိုင်နေတဲ့နည်းလမ်းကတော့ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ နိုင်ငံရေးအင်အားစု အသီးသီး အကြားနိုင်ငံရေးအာဏာကို ပြန်လည်ညှိနှိုင်းခွဲဝေကြဖို့ ဖြစ်ပါတယ်။** ဒါကို ဒီမိုကရေစီအင်အားစုက တိတိကျကျရှင်းရှင်းလင်းလင်းပြောထားပြီး ဖြစ်ပါတယ်။

(နအဖ)စစ်အစိုးရက သူတို့ ဆုပ်ကိုင်ထားတဲ့နိုင်ငံရေးအာဏာကို လွှဲမပေးနိုင်/ခွဲမပေးနိုင်လို့ အခုလို နိုင်ငံရေး သောင်မတင် ရေမကျ ဖြစ်နေရတာပါပဲ။

ဒါကိုလွန်မြောက်ဖို့ဆိုရင် အင်အားစုအသီးသီးပါဝင်တဲ့ အကျေအလည်ညှိနှိုင်းဆွေးနွေးပွဲတစ်ခု လိုအပ်ပါတယ်။ ညောင်နှစ်ပင်ဟာ ဒီလိုဆွေးနွေးညှိနှိုင်းနိုင်တဲ့နေရာမဟုတ်ပါဘူး။ နိုင်ငံရေးအာဏာကို ဆက်လက်ပြီး လက်ဝါးကြီးအုပ်ထားမယ်ဆိုရင် အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုတာ ဖြစ်လာမှာမဟုတ်ပါဘူး။ နိုင်ငံရေးအာဏာကိုအင်အားစုတွေအကြားမှာ အကျေအလည်ညှိနှိုင်းခွဲဝေ ပေးမထားပြန်ရင်လည်း စစ်မှန်တဲ့အမျိုးသား ပြန်လည် သင့်မြတ်ရေးရပြီလို့ မခေါ်ဆိုနိုင်ပါဘူး။ ဒီအတွက် အင်အားစုအသီးသီးပါဝင်တဲ့ အကျေအလည် ညှိနှိုင်းဆွေးနွေးပွဲတစ်ခု လိုအပ်ပါတယ်။

ဒီအတွက် ပြည်တွင်းပြည်ပက သိက္ခာသြဇာကြီးမားသူတွေက အဆိုပြုချက်တွေတင်ပြခဲ့ဖူးပါတယ်။ နောက်ဆုံး (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိပေါ့။ ( ပြည်တွင်းကမဟာဂန္ဓာရုံဆရာတော်၊ ကြခပ်ဝိုင်းဆရာတော်၊ လူထုဒေါ်အမာ၊ ဒဂုန်တာရာ၊ ဝါရင့် နိုင်ငံရေသမားကြီးများ စသဖြင့် ပြည်ပက ဘုန်းတော်ကြီးတူးတူးနဲ့သမ္မတဟောင်း ဟာဗယ် )

ပညာရေး၊ ကျန်းမာရေးနယ်ပယ်ဘက်ကနေ ပြောင်းလဲချဉ်းကပ်ပြီး အဆိုပြုချက်တွေ တင်ပြခဲ့ဖူးတာပဲ။

(နအဖ)စစ်အစိုးရဘယ်လိုတုန့်ပြန်ခဲ့သလဲ။

ကုလသမဂ္ဂအထွေထွေညီလာခံကြီးကနေနှစ်စဉ် (resolution)တွေချပြီး၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်/လူ့အခွင့်အရေးအထူးကိုယ်စားလှယ်စေလွှတ်ပြီး ဆောင်ရွက်ခဲ့တာပဲ။ ကုလလုံခြုံရေးကောင်စီ မှာအလွတ် သဘောဆွေးနွေးတဲ့အထိရောက်လာခဲ့တယ်။ နောက်ဆုံး အာဆီယံကပင်လျှင် အထူးကိုယ်စားလှယ်စေလွှတ်လေ့လာဖို့ အဆင့်ထိ ရောက်လာခဲ့တယ်။ (နအဖ)စစ်အစိုးရ ဘယ်လိုတုန့်ပြန်ခဲ့သလဲ။ မစ္စတာရာဇာလီ၊ မစ္စတာပင်ဟေးရိုးတို့ပြည်ဝင်ခွင့်မရပါဘူး၊ အခု နောက်ဆုံး အာဆီယံ ကိုယ်စားလှယ်အဖွဲ့လာရောက်လေ့လာရေးကိစ္စပင်လျှင် ကြက်ပြေးပြောင်းနေရလို့ဆိုပြီး နေ့ရွှေ့ညရွှေ့ လုပ်နေပါတယ်။

ဒီနေရာမှာ(Personal Level)က သွားဖို့လိုအပ်တယ်/တိတ်တဆိတ်နိုင်ငံရေးနည်း(Silence politics)နဲ့ ဆောင်ရွက်ရမယ်ဆိုတာတွေနဲ့ ပတ်သက်လို့ကတော့ သတိကြီးစွာထားပါလို့ပဲ လောလောဆယ် အကြံပြုထားချင်ပါတယ်။ အဲဒီလိုနည်းနဲ့ ဆောင်ရွက်ခဲ့ဖူးသူတစ်ဦးတော့ **“ပြည်ပနိုင်ငံရေးလုပ်တာတွေရပ်နားပြီး မြန်မာပြည်ထဲမှာ ပညာရေးကိစ္စတွေကိုပဲ ဦးစားပေး လုပ်တော့မယ်”**ဆိုပြီး လက်မြှောက်သွားခဲ့ပါပြီ။

(နအဖ)စစ်အစိုးရလှုပ်ရှားလာဖို့ဆိုရင် တပ်မတော်အတွင်းထဲက တပ်မှူးတပ်သားတွေရဲ့အင်အားနဲ့ လူထုအင်အားပေါင်းစပ်ကြရလိမ့်မယ်။ ဒါကို ပြည်တွင်းပြည်ပ၊ ဥပဒေတွင်း ဥပဒေပ အင်အားစုအသီးသီးက နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်ရလိမ့်မယ်။

ကိုမင်းကိုနိုင်ကတော့ ပြောဖူးတယ် ပြိုင်တူတွန်းလျှင်ရွှေ့နိုင်ပါသည် တဲ့။

– ၂၀၀၆ မှာ ပြိုင်တူတွန်းကြပါစို့။ ။

**တူမောင်ညို**

*၁၂– ၁–၀၆*

# အင်္ဂလန်နိုင်ငံသူ တယောပညာရှင် နယ်စပ်ဒေသတဝိုက်တွင် လာရောက်ဖျော်ဖြေ



အင်္ဂလန်နိုင်ငံသူ တယာပညာရှင် Ruth သည် ၄င်း၏ မိသားစုဝင်များ ဖြစ်သည့် မိခင်အပါအဝင် အကိုဖြစ်သူ Ban Ronger (CSW) တို့လိုက်ပါလျှက် ထိုင်း–မြန်မာနယ်စပ်တလျှောက် တယောလက်သံဖြင့် ဖျော်ဖြေခဲ့သည်။

၂၀၀၆ ခုနှစ် ဇန္နဝါရီလ ၁၀ ရက်နေ့ ည တွင် နိုင်ငံရေးအကျဉ်းသာများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ရုံး၌ လာရောက်ဖျော်ဖြေရာ အမေရိကန်တက္ကသိုလ်မှ ကျောင်းသားများ၊ ထိုင်း–မြန်မာနယ်စပ်ရှိ ဒီမိုကရေစီ အင်အားစုများ ၇၀ နီးပါးလာရောက် အားပေးခဲ့သည်။



ထိုဖျော်ဖြေပွဲတွင် သူမသည် မြန်မာ့ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေသော အင်အားစုများမှ ထုတ်ဝေသော ဗွီဒီယိုမှတ်တမ်းအခွေများ၊ ရုပ်ရှင်များ၊ စာအုပ်များ၊ အစီရင်ခံစာများကို ဖတ်ရှုရာမှ မြန်မာ့နိုင်ငံအရေးကို စိတ်ဝင်စားလာသူ ဖြစ်ကြောင်း ရှင်းလင်းပြောကြားသွားသည်။

ထို့အပြင် သူမသည် ထိုင်းမြန်မာနယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများ၊ တော်လှန်ရေးနယ်မြေများ၊ မိဘမဲ့ ကလေးဂေဟာများနှင့် နယ်စပ်အခြေစိုက် ဒီမိုကရေစီရေးအင်အားစုများ စသည့် နေရာများသို့ သွားရောက်၍ သူမ၏ တယောလက်သံဖြင့် ဖျော်ဖြေကာ ဒီမိုကရေစီရေးလှုပ်ရှားမှုများအား အားပေးခဲ့သည်။

---

# သတင်းမှတ်စု

## မြန်မာ

☐ (၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီး၏ (၄၄)နှစ်ပြည့် မွေးနေ့အခမ်းအနားတခုကို ကျိုက္ကဆံဘုရားအနီး မင်္ဂလာဘုန်း ကြီးကျောင်းတွင် ယနေ့ကျင်းပခဲ့ပြီး ဝါရင်းနိုင်ငံရေးသမားကြီးများ၊ NLDခေါင်းဆောင်ကြီးများနှင့် ကျောင်းသားခေါင်းဆောင်များ စုံစုံညီညီ တက်ရောက်ခဲ့ကြောင်း သိရသည်။ (DVB 181205)

☐ KNU ကရင်အမျိုးသားအစည်းအရုံး၏ (၁၃)ကြိမ်မြောက် ဗဟိုကော်မတီ စုံညီအစည်းအဝေးကို ယခုလ(၁၂)ရက်နေ့မှ (၁၆)ရက် နေ့ထိ ထိုင်း–မြန်မာနယ်တနေရာတွင် ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ (DVB 191205)

☐ ပလောင်ဒေသရှိ ပလောင်လူငယ်များအား ပြည်သူ့စစ်ဖွဲ့ရန် နအဖစစ်တပ်က အဓမ္မခေါ်ယူပြီး ယခုလဆန်းပိုင်းမှစ၍ လားရှိုးမြို့ နယ် တနေရာ၌ စစ်သင်တန်းပေးနေသည်ဟု ပလောင်လူငယ်အဖွဲ့ (PYNG)က သတင်းထုတ်ပြန်သည်။ (NEJ /UPI -VOB 201205)

☐ အာဆီယံကိုယ်စားလှယ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် မပျက်မကွက်တွေ့ဆုံသင့်ကြောင်း သခင်ချန်ထွန်းမှ ပြောဆိုလိုက် သည်။( DVB 201205)

☐ အမျိုးသားညီလာခံအပြီးတွင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွက် လူထုဆန္ဒခံယူပွဲပြုလုပ်ရန် မုဒုံမြို့နယ်အတွင်းရှိ ပါတီအဖွဲ့ . အစည်းများနှင့်အင်အားစါရင်းများကို နအဖက ကောက်ခိုင်းနေကြောင်း သိရသည်။(IMNA /VOB  201205)

☐ အကျဉ်းထောင်အတွင်း သွားရောက်ကြည့်ရှုမည်ဆိုပါက ကြံ့ဖွံ့အဖွဲ့ကိုပါ အတူလိုက်ပါခွင့်ပေးရမည်ဟု နအဖအာဏာပိုင်များက ကန့်သတ်သည့်အတွက် အကျဉ်းသားများနှင့်သွားရောက်မတွေ့ဆုံတော့ဟု ရန်ကုန်မြို့ရှိ နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC)က ပြော သည်။ (NEJ 211205)

☐ အာဆီယံအထူးကိုယ်စားလှယ် မလေးရှားနိုင်ငံခြားရေးဝန်ကြီးအနေဖြင့် မြန်မာပြည်ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် မဖြစ်မနေတွေ့ခွင့်ရရန် ဆောင်ရွက်သင့်သည်ဆိုသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထူးကြေညာချက်ကို အာဆီယံအတိုက်အခံနိုင်ငံ ရေးအင်အားစုများက ထောက်ခံကြိုဆိုလိုက်သည်။ (DVB 211205)

☐ နအဖထံ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့သည့် ကရင်အမျိုးသားလွတ်လပ်ရေးတပ်မတော်က တပ်ကြပ်ကြီးနှစ်ဦး ယခုလ (၂၀)ရက်နေ့က ယခင်မိခင်တပ်ရင်းသို့ ပြန်လည်ထွက်ပြေးလာခဲ့ကြောင်း သိရသည်။ (DVB 241205)

☐ ကရင်နီပြည်နယ် ဒေါတမကြီးကျေးရွာအုပ်စုအတွင်းရှိ အလယ်တန်းနှင့် အထက်တန်းကျောင်းမှ ကျောင်းသူ/ကျောင်းသားများကို နယ်မြေအခြေစိုက်စစ်တပ်က အဓမ္မလုပ်အားခိုင်းစေနေကြောင်း သိရသည်။ (DVB 281205)

☐ ရှမ်းပြည်နယ် နမ့်ခမ်းမြို့အနီး၌ ကွတ်ခိုင်အခြေစိုက် အမှတ်(၁)စဗဟမှူး ဗိုလ်မှူးကြီးစံရွှေဦးဆောင်သည့် ခမရ(၁၄၄)၊ ခမရ(၂၁၂)၊ ခမရ(၂၂၃)၊ ခမရ(၂၄၂)စသည့် နအဖတပ်များနှင့် SSA ရှမ်းပြည်တပ်မတော်ပြောက်ကျားတပ်ဖွဲ့များ ယခုလ(၂၇)ရက်နေ့က အပြင်းအထန် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း သိရသည်။ (DVB/ NEJ 291205)

☐ နအဖစစ်တပ်၏ ဝန်ရံပိတ်ဆို့မှုခံရပြီး ရိက္ခာပြတ်သွားသဖြင့် ရှမ်းပြည်တပ်မတော် (SSA-N) တပ်မဟာ(၂၄၁)မှ စပ်ခွန်ကျော် ဦးဆောင်သည့် တပ်သား(၃၀)သည် နအဖထံ လက်နက်ချသွားကြောင်း သိရသည်။(NEJ 020106)

☐ အာဆီယံကိုယ်စားလှယ် မြန်မာပြည်ခရီးစဉ်အတွင်း ညောင်နှစ်ပင်အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲများကို တနိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပသွားရန် ကြံ့ဖွံ့ဇပဟိုက စီစဉ်နေကြောင်း သိရသည်။ (DVB 020106)

☐ KNU တပ်မဟာ(၇)မှခေါင်းဆောင်အချို့နှင့် နအဖအာဏာပိုင်တို့ ဘန်ကောက်မြို့တွင် သီးခြားတွေ့ဆုံခြင်းသည် KNUနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိသည့်အတွက် ဖြစ်ပေါ်လာမည့်ပြဿနာများအပေါ် တာဝန်ယူမည်မဟုတ်ကြောင်း KNUအထွေထွေအတွင်းရေးမှူး ပဒို မန်းရှာက ပြောဆိုလိုက်သည်။ (DVB 030106)

☐ ရှမ်းပြည်နယ် မူဆယ်မြို့နယ် နမ့်တီးကျေးရွာအုပ်စုရှိ KIO တပ်မဟာ(၄)လက်အောက်ခံ တိုက်နယ်ရုံး၊ စခန်းတခုကို ခလရ(၆၈) တပ်ရင်းမှူး ဗိုလ်မှူး လှမိုးဦးစီးစစ်ကြောင်းမှ ယမန်နေ့ညနေပိုင်းက လျှပ်တပြက်ဝင်ရောက်တိုက်ခိုက်သဖြင့် KIOတပ်ဖွဲ့ဝင် (၆)ဦးကျဆုံးပြီး(၂)ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။ (DVB 030106)

☐ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးအမြန်လုပ်ဆောင်ရန် သခင်သိန်းဖေ၏နေအိမ်၌ ယနေ့နံနက်တွင် ပြုလုပ်သည့် (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားတွင် လွတ်လပ်ရေးတိုက်ပွဲဝင်ဝါရင့်နိုင်ငံရေးသမားကြီးများက ပန်ကြားလိုက် သည်။ (NEJ 040106)

☐မြန်မာဒီမိုကရေစီရရေးအတွက် စစ်အုပ်ချုပ်ရေးအဖွဲ့၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားအဖွဲ့များကို ပေါင်းစီးစေမည့် အထူးအာဏာရှိ ကြားဖြတ်အုပ်ချုပ်ရေးအဖွဲ့လိုအပ်ကြောင်း လွတ်လပ်ရေးနေ့မိန့်ခွန်းတွင် NLDဦးလွင်မှ တင်ပြတောင်းဆိုလိုက် သည်။( Daily Times /VOB 050106)

☐ မြို့တော်သစ်ပြောင်းရွှေ့နေရသည့်ကိစ္စဖြင့် အလွန်အလုပ်များနေသည့်အတွက် အာဆီယံကိုယ်စားလှယ် မလေးရှားနိုင်ငံ ခြားရေးဝန်ကြီး Syed Hamid Albar၏ မြန်မာနိုင်ငံခရီးစဉ်ကို ရက်ရွှေ့ဆိုင်းပေးရန် နအဖဘက်မှ တောင်းဆိုလိုက်ကြောင်း သိရ သည်။ ( AP /VOB 060106)

☐ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်များသည် အတိုက်အခံများ၏ဆန့်ကျင်နေမှုများကို တိတ်ဆိတ်သွားစေရန်ရည်ရွယ်ပြီး တရားစီရင်ရေးစနစ်ကို အသုံးချဖိနှိပ်နေကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ထုတ်ပြန်ကြေညာလိုက် သည်။ (AI,/VOB 060106)

☐ အင်းစိန်ထောင်ရှိ နိုင်ငံရေးအကျဉ်းသား(၃)ဦးကို ရာဇဝတ်အကျဉ်းသားများက ယခုလ(၂)ရက်နေ့တွင် ဝိုင်းဝန်းရိုက်နှက်ခဲ့ကြသည် ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPP-B က ယမန်နေ့က ထုတ်ပြန်ကြေညာသည်။ (NEJ 120106)

## အာစီယံ – မြန်မာ

☐ ရှေ့လထဲတွင် သွားရောက်ရန်စီစဉ်ထားသည့် မြန်မာပြည်ခရီးစဉ်သည် ဟန်ပြသက်သက်သွားမည့်ခရီးစဉ်မဟုတ်ဘဲ သက်ဆိုင်သူ အားလုံးအတွက် အနှစ်သာရအပြည့်ရှိမည့်ခရီးစဉ်တခုဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး Hamid Albarက ယနေ့ ထပ်မံပြောဆို လိုက်သည်။ (DVB 161205)

☐ မြန်မာမှ ထိုင်းသို့ထွက်ပြေးလာသော မြန်မာကလေးများအား တရားဝင်မှတ်ပုံတင်သင့်ကြောင်း ထိုင်းနှင် မြန်မာနိုင်ငံတို့အား ရန်ကုန်အခြေစိုက် ကုလသမဂ္ဂ ကလေးသူငယ်များ ရံပုံငွေအဖွဲ့ UNICEF မှ အရာရှိတဦးမှ တိုက်တွန်းလိုက်သည်။ (Myanmar Times /DVB 16-231205)

☐ မြန်မာနိုင်ငံက နအဖအစိုးရသည် စစ်မှန်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ပိတ်ဆို့ထားကြောင်း၊ အတိုက်ခံ များကို ဖမ်းဆီး ထောင်ချနေကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုနှင့်လူသားများကို ဝတ်မွတ်မှုဘေးဖြင့် ကြုံအောင်ဖန်တီးနေသည့်အတွက် စိုးရိမ်ဖွယ်ဖြစ်လာနေသည်ဟု ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယမန်နေ့က သတိပေးလိုက်သည်။ (DVB 171205)

☐ ရပ်နားထားသည့် Bangkok Process ခေါ် မြန်မာ့အရေးဆွေးနွေးပွဲများကို မကြာမီ ပြန်စကောင်းစနိုင်ဖွယ်ရှိကြောင်း ယမန်နေ့ က ပြောကြားသည့် အပတ်စဉ်ရေဒီယိုမိန့်ခွန်းအတွင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှီနာဝပ်က ထည့်သွင်းပြောကြားသွားသည်။ (DVB 181205)

☐ မြန်မာနိုင်ငံဒီမိုကရေစီထွန်းကားရေးနှင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် အောက်လွှတ်တော်နှင့် အထက်လွှတ် တော်အမတ်(၁၂)ဦးဖြင့် ယခုလ(၁၄)ရက်နေ့က ဖိုရမ်အဖွဲ့(IPFDB)ကို ဖွဲ့စည်းလိုက်သည်ဟု အိန္ဒိယပါလီမန်အမတ်များက ဒီဇင်ဘာ(၁၇) ရက်တွင် ကြေညာသည်။ (NEJ /DVB / ND /VOB 191205)

☐ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအစိုးရမပေါ်သရွေ့ မြန်မာနိုင်ငံမှ အိန္ဒိယသို့ဖေါက်လုပ်မည့် ဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို ရပ်တန့်ထား ရန် ယခုလ(၁၇)ရက်နေ့က အိန္ဒိယရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့် ရွှေဂက်စ်လှုပ်ရှားသူများမှ ဆန္ဒပြတောင်းဆို လိုက်သည်။ (NEJ 191205)

☐ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPPမှ ဦးဆောင်၍ ပြည်သူ့လွှတ်တော်ခေါ်ယူနိုင်ရေးအတွက် နအဖကို အာဆီယံ အဖွဲ့မှ ဖိအားပေး တောင်းဆိုပေးရန် ဝါရှင်တန်အခြေစိုက် (၁၉၂)ကြိမ်မြောက် အာဏာရှင်ဆန့်ကျင်ရေး ပြည်သူ့လွှတ်မြောက်ရေးလှုပ်ရှားမှုမှ စာတစောင်ပေးပို့ လိုက်ကြောင်း သိရသည်။ (DVB 201205)

☐ ထိုင်း–မြန်မာနယ်စပ် ဒုက္ခသည်များအတွက်အပါအဝင် မြန်မာပြည်တွင်းအတွက် လူသားချင်းစာနာမှုအဖြစ် ယူရို၁၅ သန်း (ဒေါ်လာ ၁၇.၇သန်း) ကူညီရန် ဥရောပကော်မရှင်က ဆုံးဖြတ်ရာထားခဲ့ကြောင်း သိရသည်။ ( BRUSSELS-AFP /VOB 231205)

☐ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ရာထူးအတွက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံ(၁၇)နိုင်ငံမှအမျိုးသမီး (၁၈)ဦးကိုရွေးချယ်၍ အမေရိကန်နိုင်ငံ နယူးယော့ခ်အခြေစိုက် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိရေး ဆောင်ရွက်နေသည့် Equality Now အဖွဲ့က အဆိုတင်သွင်းသည်။ (NEJ /DVB 050106)

☐ မြန်မာစစ်အစိုးရအပေါ် ကမ္ဘာက အရေးယူဆောင်ရွက်လာစေရေး ဖိအားဖြစ်စေမည့်ခရီးစဉ်အဖြစ် အာဆီယံနိုင်ငံများသို့ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ခရစ်စတိုဖာဟေးလ်သည် ယခုသီတင်းအပတ်အတွင်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ (AFP/ NEJ 130106)

# (၆၀) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် (ဒုတိယပိုင်း)



*ယခင်အပတ်မှ အဆက်*

**(၄) မြန်မာအစိုးရသို့ အောက်ပါအချက်များကို တောင်းဆိုသည်။**

(က) ကျင်းပရန်ကျန်ရှိနေသေးသည့် အမျိုးသားညီလာခံ၌ အထူးသဖြင့် အခြေခံဥပဒေကြမ်းရေးဆွဲရာတွင် စစ်မှန်သောနိုင်ငံရေးပါတီများအားလုံးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ အပြည့်အဝ ပါဝင်နိုင်ခွင့်ရရှိစေရေးအား သေချာစေရန်၊

(ခ) အမျိုးသားညီလာခံ၌ အခြေခံဥပဒေကြမ်းရေးဆွဲရန် သတ်မှတ်ထားသော အခန်းများအတွက် တင်ပြထားသော အဆိုပြုချက်များသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း၊ နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်စာတမ်းများ နှင့်အခြားသော လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။ (**အသစ်**)၊

(ဂ) လမ်းပြမြေပုံ ၇ ချက်အရ မျှော်မှန်းထားသော ရွေးကောက်ပွဲနှင့် လူထုဆန္ဒခံယူပွဲမကျင်းပမီ တည်ရှိဆဲ နိုင်ငံရေးပါတီများအား လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးသည့် အခင်းအကျင်းများဖန်တီးပေးရန်နှင့် နိုင်ငံရေးပါတီသစ်များ ဖွဲ့စည်းခွင့်နှင့် ယင်းပါတီများအား စည်းရုံးလှုပ်ရှားခွင့်ပေးနိုင်သည့် အခင်းအကျင်းများအား ဖန်တီးပေးရန်၊ နောင်ကျင်းပမည့် လူထုဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲများအတွက် အရွယ်ရောက်ပြီးသူများအားလုံး မဲပေးနိုင်ရန် စာရင်းကောက်ယူမှုများ ပြုလုပ်ရန်နှင့် ယင်းလုပ်ဆောင်မှုအားလုံးသည် နိုင်ငံရေးပါတီအားလုံးပြည့်ဝစွာပူးပေါင်းဆောင်ရွက်ခွင့်ရရမည်ဖြစ်သော နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်ရမည်၊ (**အသစ်**)

(ဃ) မြန်မာနိုင်ငံတွင်းရှိ အပစ်အခတ်ရပ်စဲခြင်း မပြုလုပ်ရသေးသော တိုင်းရင်းသားအင်အားစုများနှင့် တိုက်ပွဲများချက်ခြင်းရပ်ဆိုင်းနိုင်ရေးနှင့် ရေရှည်အဆုံးသတ်နိုင်ရန် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နည်းလမ်းကို ကျင့်သုံးရန်၊ အခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင်လည်း အပစ်အခတ်ရပ်ဆိုင်းထားသော တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားလူမျိုးစုအသီးသီး၏ စိုးရိမ်သောကဖြစ်နေရသော အကြောင်းအရာအချက်များပါဝင်စေရန်၊ အပစ်အခတ်ရပ်စဲခြင်းမှသည် ရေရှည်တည်တံ့သော နိုင်ငံရေးအရအဖြေရှာမှုနှင့်ငြိမ်းချမ်းရေးရနိုင်စေရန်နှင့် ထိုဒေသအတွင်းရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားနိုင်ရန်အလို့ငှာ တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးကိုလေးစားလိုက်နာရန်၊

(င) မြန်မာအစိုးရသည် တရားရေးဥပဒေဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် လွတ်လပ်သည့် တရားစီရင်ရေးစနစ်ဖြစ်ရန်ကို တာဝန်ရှိသည်နှင့်အညီ ဖြစ်မြောက်အောင်ဆောင်ရွက်ရန်နှင့် တရားစီရင်ရေးစနစ်ကိုလည်း ပြုပြင်ပြောင်းလဲရေးပြုလုပ်ရန်။

**(၅) အထွေထွေအတွင်းရေးမှူးချုပ်သို့ ပန်ကြားချက်**

(က) အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများ၊ မြန်မာပြည်သူများနှင့်သော်လည်းကောင်း၊ အစိုးရနှင့်သော်လည်းကောင်း၊ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးနှင့် လူ့အခွင့်အရေးအခြေအနေများအကြောင်း ဆက်လက်ဆွေးနွေးလုပ်ဆောင်သွားပါရန်၊ အထွေထွေအတွင်းရေးမှူးချုပ်၏ စွမ်းဆောင်နိုင်မှုများနှင့်ဆောင်ရွက်ပိုင်ခွင့်များကို ဆက်လက်အသုံးပြုပေးပါရန်နှင့် လိုအပ်သည့် နည်းပညာများကိုလည်း မြန်မာအစိုးရအား ကူညီပေးပါရန်၊

(ခ) ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ ခန့်အပ်ထားသော အထူးသံတမန်၏ ပံ့ပိုးဆောင်ရွက်မှုအခန်းကဏ္ဍနှင့် လူ့အခွင့်အရေးကော်မရှင်၏ အထူးကိုယ်စားလှယ်အား အပ်နှင်းထားသောလုပ်ငန်းတာဝန်များ အောင်မြင်စွာအပြည့်အဝ အကောင်အထည်ဖော်လုပ်ဆောင်နိုင်စေရေး လိုအပ်သော အကူအညီများ ပေးပါရန်၊

(ဂ) ယခုဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော တိုးတက်မှုများအား ၆၁ ကြိမ်မြောက် လူ့အခွင့်အရေး ကော်မရှင်ညီလာခံနှင့် ၆၂ ကြိမ်မြောက် အထွေထွေညီလာခံသို့ အစီရင်ခံစာ တင်ပြပေးပါရန်။

**(၆) ဆုံးဖြတ်ချက်**

မြန်မာနိုင်ငံအရေးကိစ္စများနှင့်ပတ်သက်၍ ၆၂ ကြိမ်မြောက် အထွေထွေညီလာခံကြီးတွင် ထပ်မံဆွေးနွေးရန် ဆုံးဖြတ်သည်။

အထက်ပါအချက်များအား အမေရိကန်နိုင်ငံ နယူးယော့(ခ်)မြို့၌ ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့(သောကြာ)တွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏သဘောတူညီချက်ဖြင့် ဆုံးဖြတ်ခဲ့သည်။ ❑

ဘာသာပြန်ဆိုသူ
**ဘိုကြည်**
တွဲဘက်အတွင်းရေးမှူး (အေအေပီပီ)